# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၈၅)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၁/၂၀၂၆) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထွက်ပေါ်လာမည့် အစိုးရအသစ်ကို နိုင်ငံ့တာဝန်များ

စာမျက်နှာ ၃ ကော်လံ ၁ ❍



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

## မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရွှေ့ပြောင်းစမ်းသပ်မှုစတင်

စာ - ၅ သို့

## အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များအား ထောက်ခံဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန်စွပ်စွဲချက်များကို ကန့်ကွက်ရှုတ်ချပွဲကျင်းပ

စာ - ၁၅ သို့


## နီပါးရိုဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ခရီးသွားပြည်သူများအား အသိပေးချက်

မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ နီပါးရိုဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့/လင်းဆွဲများ ပေါများစွာ တည်ရှိရာဒေသဖြစ်ပြီး ကူးစက်မှုများမကြာခဏဖြစ်ပွားလေ့ရှိသည့် ဒေသတွင်း နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် နီပါးရိုဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့် -

- နီပါးရိုဗိုင်းရပ်စ်ရောဂါ လတ်တလောဖြစ်ပွားနေသည့်ဒေသများ (ဥပမာ- အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် - India, West Bengal State)သို့ မလိုအပ်ဘဲ ခရီးမသွားရန်၊
- လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ရောက်ရှိနေသူများသည် ရောဂါဖြစ်ပွားရာဒေသများရှိ

စာမျက်နှာ ၃ ကော်လံ ၁ ●


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်)

# နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားကာကွယ်ရေး

တပ်မတော်သားဆိုသည်မှာ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသူများဖြစ်ကြပြီး ကြည်း၊ ရေ၊ လေတပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသူ အရာရှိ၊ စစ်သည်များအားလုံးကိုကိုယ်စားပြုခေါ်ခြင်းဖြစ်သည်။ တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းငါးပါးနှင့်ပြည့်စုံကြသည်။ ပြည့်စုံအောင်လည်း ဖြည့်ဆည်းနေကြရသည်။ ထိုသို့ပြည့်စုံနေစေရန်အတွက် တပ်မတော်တွင် (ကြည်း၊ ရေ၊ လေ)ဆိုင်ရာသင်တန်းများကိုစဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀)တို့သည် ဇန်နဝါရီလ ၂၇ ရက်တွင် သင်တန်းပြီးမြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါသင်တန်းသားများမှာ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ စာပေပညာ၊ စစ်ပညာများသင်ယူတတ်မြောက်ခဲ့ပြီးနောက် ရေတပ်ဆိုင်ရာအခြေခံပညာရပ်များကို **ရေပေါ်လှုပ်ရှားစစ်ကစားသူများမွေးဖွားရာမြေ**ဖြစ်သည့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်တွင် တစ်နှစ်တာကြိုးစားသင်ယူခဲ့ကြရခြင်းဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် **"နိုင်ငံတော်အား ရှေ့တန်းကျကျကာကွယ်နိုင်ရမည်၊ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်၊ (ကြည်း၊ ရေ၊ လေ)ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်"**ဟူသည့်ရည်မှန်းချက်တာဝန်များထားရှိကာ အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သောခေတ်မီမျိုးချစ်တပ်မတော်ကိုတည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်နေရာတွင် စစ်ဆင်မှုနယ်ပယ်(၄)ရပ်အတွက် အသင့်ဖြစ်မှု(၃)ရပ်ပြည့်စုံစေရန် ရေယာဉ်စုအဆင့် ရေပြင်တိုက်စစ်လေ့ကျင့်ခန်းများနှင့်စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း(Combined Fleet Exercise) များကို ၂၀၁၄ ခုနှစ်မှစတင်၍ လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့်အိမ်နီးချင်းရေတပ်များ၌ ကျင်းပပြုလုပ်ခဲ့သည့် ပင်လယ်ပြင်စစ်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် ပူးတွဲကင်းလှည့်ခြင်းများကိုလည်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်(ရေ)သည် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍဟူသည့် ကဏ္ဍကြီး(၄)ရပ်ကို စနစ်တကျထိရောက်အောင်မြင်စွာတာဝန်ထမ်းဆောင်နိုင်ရေးဦးတည်ဆောင်ရွက်လျက်ရှိသည်။ စစ်ရေးကဏ္ဍအတွက် မြန်မာ့ပင်လယ်ပြင်နှင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်အဖြစ်ထမ်းဆောင်နေပြီး သမားရိုးကျစစ်ဆင်ရေး၊ သောင်းကျန်းသူနှိမ်နင်းရေး၊ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိသည်။

အဖိုးတန်လှသည့် မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကိုကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကိုတည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့်မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသောတိုက်ပွဲဝင်အသင့်ရေတပ်အဖြစ်သို့ တက်လှမ်းနိုင်ရေးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်အဖြစ်သို့တက်လှမ်းနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများမဖြစ်မနေလိုအပ်သည်ဖြစ်၍ ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ မျိုးဆက်သစ်အဆက်ဆက်တို့က လက်ဆင့်ကမ်းထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ တပ်မတော်(ရေ)မှမျိုးဆက်သစ်အရာရှိ၊ စစ်သည်များအနေဖြင့် တပ်မတော်၏ကောင်းမွန်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသည့်အသင့်ဖြစ်မှု(၃)ရပ်နှင့်ပြည့်စုံစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ကိုယ်စီကျွမ်းကျင်မှုရှိစေရေးအတွက် စဉ်ဆက်မပြတ် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ခြင်းမှ လက်နက်နှင့်လက်နက်စနစ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင်ဆောင်ရွက်နေကြရမည်ဖြစ်သည်။ ထိုသို့ကျွမ်းကျင်ပိုင်နိုင်နေမှသာ **မြန်မာ့ပင်လယ် တို့ကာကွယ်**ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားကိုပြည့်ပြည့်ဝဝကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့်အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင်မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

**သတင်းအဖွဲ့**

## MWD Education,Knowledge & Sports Channel

၂၈-၁-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၄၀ | Grade-7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၈:၄၀ | Grade-7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၈:၄၀ | - | ၁၉:၂၅ | Grade-7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၉:၂၅ | - | ၂၀:၂၀ | Grade-7 | သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

❖ **တရားမဝင် ကုန်သွယ်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများသည် နိုင်ငံတော်လုံခြုံရေး (National Security) ကို ခြိမ်းခြောက်နိုင်သည့်အတွက် ၎င်းကိစ္စရပ်များကို ထိရောက်စွာတိုက်ဖျက်ခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ် . . .**

❖ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံကိန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ လျာထားတွက်ချက်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက် . . .**

❖ **နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို ပြည်သူလူထုနှင့်ပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ် . . .**

○ **ရှေ့ဖုံးမှအဆက်**

လွှဲပြောင်းပေးအပ်ပြီး ၎င်းတို့၏တာဝန်များကို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်သူလူထုမှ လွတ်လပ်စွာ မိမိတို့သဘောဆန္ဒများအလျောက် စည်းကမ်းရှိပြီး နိုင်ငံကြီးသားပီသစွာ လိုလိုလားလားဖြင့် လာရောက်ဆန္ဒမဲပေးကြသည်ကိုတွေ့ရမြင်ရကြောင်း၊ ထိုသို့ဆောင်ရွက်မှုများမှာ ပြည်သူလူထုမှ အစိုးရအပေါ် လိုလားလက်ခံသည့် အပြုအမူများဖြစ်သည့်အတွက် အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များမှလည်း ယခုရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို အနှောင့်အယှက်တစ်စုံတစ်ရာမရှိဘဲ မဲပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မဲရုံဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး သမာသမတ်ကျစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ဆောင်နိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်များကို အသုံးပြုခဲ့သည့်အတွက် မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စေပြီး ပြည့်စုံမှန်ကန်သည့်ရလဒ်များ ဖြစ်ပေါ်စေခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည့်စုံကောင်းမွန်သည့် လုံခြုံရေးဆောင်ရွက်ထားမှုများကြောင့် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ထမ်းဆောင်သူများနှင့် အခြားသက်ဆိုင်သူများအားလုံး လုံခြုံစိတ်ချစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်ဟု သဘောထားမှတ်ချက်များပြုခဲ့ကြသည်ကို တွေ့ရှိရသဖြင့် လွတ်လပ်၍တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်သည့်အတွက် NCA သဘောတူညီချက်များကို လက်တွေ့အသုံးချအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း လူငယ်များပါဝင်မှုကိုမြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာဖြင့်ထိတွေ့ဆက်ဆံပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွင်း ကောင်းမွန်သည့် ရလဒ်များနှင့် တိုးတက်အောင်မြင်မှုအခြေအနေများကို နိုင်ငံတကာမှသိရှိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများကလည်း မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမပေါ်ပေါက်လာစေရေးတို့အတွက် အမြစ်ဖြတ်နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်း သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခြင်း၊ ရန်ကုန်မြို့အခြေစိုက် သံတမန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သတင်းစာရှင်းလင်းပွဲများကျင်းပ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် နယ်စပ်ဖြတ်ကျော် ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အမြစ်ပြတ်သည်အထိ ဆက်လက်ဖော်ထုတ်၍ ထိရောက်သည့် ပြစ်ဒဏ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများသည် နိုင်ငံတော်လုံခြုံရေး (National Security) ကို ခြိမ်းခြောက်နိုင်သည့်အတွက် ၎င်းကိစ္စရပ်များကို ထိရောက်စွာတိုက်ဖျက်ခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမြစ်ပြတ်သည်အထိ ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

**“နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်”** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း နိုင်ငံ၏အခြေခံအချက်အလက်များအပေါ် မူတည်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားထားပြီးဖြစ်၍ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ၄ မျိုးစလုံး ပြည့်စုံအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါးကိုအခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံဖြစ်သည့် နေကြာကိုလည်း ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စားရေးကို အထောက်အကူပြုစေသည့် အသားစားကြက်၊ ဥစားကြက်၊ ဘဲ၊ ငါး၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုအပ်ကြောင်းနှင့် နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေဩဇာများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါအခြေခံပညာအလယ်တန်းအဆင့် (KG+9)ကို မသင်မနေရအဆင့်သတ်မှတ်ပြီး ပညာရေးအဆင့်မြှင့်တင်နေပြီဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်း အဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံဗဟုသုတများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်သည့်အတွက် အောင်မြင်စွာဖြေဆိုနိုင်ရေး ဆရာ၊ ဆရာမများနှင့် မိဘများပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးဆောင်ရွက်ပေးကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာရေးများမှ သင်ရိုးညွှန်းတမ်းများသည် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးစသည့် ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာကဲ့သို့သော သင်ကြားသင်ယူမှုဘာသာစကားများကို မဖြစ်မနေသင်ကြားပေးမှသာ အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ (၅၄) ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက “မိမိတို့ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် အာဟာရဆိုင်ရာ သုတေသနများ၊ အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ သုတေသနများ၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူရေးနှင့် ပတ်သက်သည့် လက်တွေ့အသုံးချကျန်းမာရေးသုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အဆိုပါ သုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ကျန်းမာရေးဆိုင်ရာကြိုတင်ကာကွယ်မှု ပညာပေးလုပ်ငန်းများကိုပါဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း” ကို လမ်းညွှန်မှာကြားခဲ့သဖြင့် လိုက်နာအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံကိန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ လျာထားတွက်ချက်ရန် လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲကြရန်လိုအပ်ကြောင်းနှင့် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို ပြည်သူလူထုနှင့်ပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

● **နီပါးရိုဗိုင်းရပ်စ်မှ**

ဆေးရုံများ သို့မဟုတ် ဖျားနာသူများပြားသည့် နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုရန်၊

- လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ခရီးသွားခဲ့ပြီး မိမိနိုင်ငံသို့ပြန်လာစဉ်တွင် သံသယရောဂါများဖြစ်သည့် ပြင်းထန်စွာဖျားခြင်းနှင့်ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းတို့ခံစားရပါက လေဆိပ်ကျန်းမာရေးဌာန သို့မဟုတ် နယ်စပ်ဝင်/ထွက်ပေါက်များရှိ တာဝန်ကျကျန်းမာရေးဝန်ထမ်းများထံ မပျက်မကွက်သတင်းပို့ရန်၊
- အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး (၁၄) ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါလက္ခဏာများခံစားရပါက ချက်ချင်းနီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့်ရာဇဝင်ရှိကြောင်းကို ဆရာဝန်အားသေချာစွာ ပြောပြ၍ လိုအပ်သည့် စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရန်၊
- မိသားစုတွင် ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ်ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ(ဝက်/လင်းနို့)တို့ ထူးထူးခြားခြား သေဆုံးနေသည်ကို တွေ့ရှိရပါကလည်းကောင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေးအကြောင်းကြားရန်။

**ကျန်းမာရေးဝန်ကြီးဌာန**

(၂၇.၁.၂၀၂၆)

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

စုလှိုင်သည် မာမီကိုမကြည့်ချေ။ ထိုးဆိုက်လာသောဘတ်စကားဆီသို့ အပြေးအလွှားလျှောက်သွားကြသော အမာညီုတို့ကိုသာ လှမ်းကြည့်နေမိသည်။ သက်သက်၏လက်ထဲမှ လက်ကိုင်ပဝါဖြူဖြူလေး လွတ်ကျခဲ့သည်။ သက်သက်ကလှည့်ကြည့်ပြီး ပြေးအကောက် ကျော်ထွန်းညိုကလည်း ကုန်းအကောက်တွင် သူတို့ခေါင်းချင်းတိုက်မိသွားသည်။ ကိုယ့်နဖူးကိုယ်ပွတ်ကာရယ်လိုက်ကြရင်း ကားနောက်ဘက်ပေါက်ဆီသို့ ပြေးသွားကြသည်။

ဦးဆာမိက ကားရှိန်မြှင့်လိုက်ကာ မှတ်တိုင်တွင်ရပ်ထားဆဲဖြစ်သော ဘတ်စကားကို ကျော်တက်လိုက်သည်။ ကားပေါ်တိုးတက်နေကြသော အမာညီုတို့က စုလှိုင်ကိုမမြင်လိုက်ကြပေ။

'စုနဲ့မာမီက မာမီကြီးရဲ့အရိပ်ပေါ့'

စုလှိုင်က လေသံနွမ်းနွမ်းလေးဖြင့်ပြောကာ ဦးခေါင်းကိုနောက်ဘက်သို့မှီချလိုက်သည်။ မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ အသက်ကို ပင်ပန်းမောဟိုက်စွာရှိုက်၍ရှူရင်း ထိုင်းမှိုင်းရီဝေလာလေသည်။ ထို့နောက် စိတ်ထဲမှတစ်ဦးတည်း ဆက်ကာပြောနေမိသည်။

'မာမီကြီးလိုပဲ စိတ်ထားမတည်ငြိမ်တဲ့၊ အတ္တကြီးတဲ့၊ တစ်ကိုယ်ကောင်းဆန်ကြတဲ့ မာမီကြီးရဲ့ အရိပ်တွေလေ'

■ ■ ■ ■ ■

'တိုးတက်နေသော မြန်မာပြည်ခင်ဗျာ၊ တိုးသာတိုး တက်သာတက်၊ မတိုးတက်လို့ကတော့ လိုရာခရီးကိုရောက်မှာမဟုတ်ဘူး'

ဘတ်စကားစပယ်ယာလေးက ဟာသနှောကာ အော်နေသည်။ အမာညီုတို့သည် ကားဂိတ်ဆုံး ဟံသာဝတီအဝိုင်းမှ စီးလာသူများဖြစ်သော်လည်း အတန်ငယ်နောက်ကျသွားသောကြောင့် ထိုင်စရာနေရာမရကြပေ။ အလယ်လမ်းတွင်ပင် မတ်တတ်ရပ်၍လိုက်ပါလာကြရလေသည်။

'အသုဘက စည်ကားလိုက်တာနော်'

'မျက်နှာကြီးတွေကိုးဟ'

သက်သက်၏စကားကို အမာညီုက မျက်နှာလေးမသိမသာမဲ့ကာ ပြန်ပြောသည်။ သူ့လက်ထဲတွင်မူ သုသာန်အဝကကောက်လာသော စကားပန်းဖြူဖြူများကို ညှာတံမှစုကာကိုင်ထားလေသည်။ ပန်းပွင့်ဖတ်ကလေးများသည် လူတိုးသဖြင့် ကြေနွမ်းကာ ညိုရောင်သန်းနေပြီဖြစ်သော်လည်း အမာညီုက လွှင့်မပစ်ရက်ပေ။

'ပန်းခွေတွေ နှမြောဖို့ကောင်းလိုက်တာ မိသက်ရယ်၊ တစ်ခွေများ နှင်းဆီပန်းတွေနဲ့ချည်းလုပ်ထားတာလေ သိလား၊ နင်သတိထားမိလား'

'ဟင့်အင်း၊ ငါက စုလှိုင်ကိုပဲ ကြည့်နေမိတာ'

သက်သက်သည် သူ့ဘေးတွင်ထိုင်နေသောအမျိုးသမီးကြီး၏ဆံပင်ကို ငုံ့ကြည့်ရင်းပြောသည်။ သူ့ဆံထုံးသည် ဆံပင်များကို အတွင်း၌ရှုပ်ပွပြီးနေအောင် တပင်တပန်းလုပ်ပြီးမှ ဖွဖွလေးထုံးရသောဆံထုံးဖြစ်သည်။ အပေါ်ယံသပ်ထားသော ဆံပင်ပါးပါးကလေးက ညီညာလျှင်ကိစ္စမရှိ၊ ယခုတော့ သူ့ခမျာ ကားတိုးစီးရသည်နှင့်ပင် ဆံပင်များက အက်ကြောင်းပေါ်ကာ အတွင်းမှဆံပင်ရှုပ်ရှုပ်ထွေးထွေးများကို အတိုင်းသားမြင်နေရသည်ကို သိပုံမရချေ။

'အမာညီုက ပန်းသိပ်ကြိုက်တာပဲနော်၊ ဒီလိုမှန်းသိရင် အဲဒီပန်းခွေကြီးကို ကျွန်တော်ကောက်ခဲ့မှာပေါ့'

'ဟင် ဘာလုပ်ဖို့'

'ဩော်ဟော် အမာညီုရဲ့အိပ်ရာခေါင်းရင်းမှာ ထောင်ထားရအောင်ပါ'

ပေါက်ကျိုင်းက အတည်ပေါက်နှင့်နောက်သောအခါ အမာညီုသည် ဘာပြန်ပြောရမည်မသိဘဲ ကြောင်အအလေးဖြစ်သွားသည်။ သက်သက်၏ရယ်သံကိုကြားရသောအခါမှ စိတ်ဆိုးရန်သတိရပြီး ကမန်းကတန်း နှုတ်ခမ်းစူလိုက်ရသည်။ ထို့နောက် ကယောင်ကတမ်းနှင့် မျက်စောင်းထိုးကာ မျက်နှာကိုတစ်ဖက်သို့လှည့်ထားလိုက်လေသည်။

'အမာညီုက သိပ်ပြီး ကလေးဆန်တာပဲနော် ကိုကို'

ကားက စောင်းအကွေ့တွင် သက်သက်သည် ကျော်ထွန်းညိုဘက်သို့ ယိမ်းယိုင်သွားပြီး ခပ်တိုးတိုးလေးလှမ်းပြောလိုက်သည်။ ကျော်ထွန်းညိုသည် သက်သက်ကိုငဲ့ကြည့်ကာ ပြုံးမိသည်။

'မိညိုနဲ့ သက်သက်နဲ့ ဘာထူးလို့လဲ'

'ထူးပါတယ် ကိုကိုရယ်၊ သက်သက်က အခုလူကြီးလုပ်နေရပြီ၊ သူ့လိုကလေးမဆန်တော့ဘူး'

'အဟုတ်လား'

**"သက်သက်သည် သူ့ဘေးတွင်ထိုင်နေသောအမျိုးသမီးကြီး၏ဆံပင်ကို ငုံ့ကြည့်ရင်းပြောသည်။ သူ့ဆံထုံးသည် ဆံပင်များကို အတွင်း၌ရှုပ်ပွပြီးနေအောင် တပင်တပန်းလုပ်ပြီးမှ ဖွဖွလေးထုံးရသောဆံထုံးဖြစ်သည်။ အပေါ်ယံသပ်ထားသော ဆံပင်ပါးပါးကလေးက ညီညာလျှင် ကိစ္စမရှိ၊ ယခုတော့ သူ့ခမျာ ကားတိုးစီးရသည်နှင့်ပင် ဆံပင်များက အက်ကြောင်းပေါ်ကာ အတွင်းမှဆံပင်ရှုပ်ရှုပ်ထွေးထွေးများကို အတိုင်းသားမြင်နေရသည်ကို သိပုံမရချေ....."**

ကျော်ထွန်းညိုက ပြုံးစပ်စပ်နှင့်မေးသောအခါ သက်သက်က မျက်နှာကို တည်တည်လေးထားကာ အလေးအနက်ခေါင်းညိတ်၍ပြလိုက်သည်။ သက်သက်ဟူသည့် မိန်းကလေးတစ်ယောက်သည် သူနာပြုဆရာမလေးဘဝတွင် မည်မျှရင့်ကျက်နေပြီဖြစ်ကြောင်း၊ မည်မျှကြင်နာစွာပြုစုတတ်နေပြီဖြစ်ကြောင်းများကို သူ့အား သိစေချင်လှသည်။

'လဲမယ် လဲမယ်'

ကားက ရုတ်တရက်ဘရိတ်ဆောင့်၍ အုပ်လိုက်သဖြင့် သက်သက်သည် ယိမ်းယိုင်သွားသည်။ ကျော်ထွန်းညိုသည် သက်သက်၏လက်မောင်းလေးကို ရုတ်တရက်ထိန်းကိုင်လိုက်ပြီးမှ ဖျတ်ခနဲ ပြန်၍လွှတ်လိုက်လေသည်။

'အမာညီု လာ၊ ဒီဘက်မှာ နေရာရပြီ'

ပေါက်ကျိုင်းက အမာညီုအားလှမ်းခေါ်သည်။ သူရရှိသောနေရာကို တခြားသူဝင်ထိုင်သွားမည်ကိုစိုးရိမ်ဟန်နှင့် အလျင်ထိုင်ချပြီးမှ လှမ်းခေါ်ခြင်းဖြစ်သည်။ အမာညီု သူ့ဘက်လှည့်လာသောအခါမှ နေရာမှထပေးသည်။ အမာညီုသည် နှုတ်ခမ်းစူလျက်သားက ပေါက်ကျိုင်း၏ မျက်နှာကို တစ်ချက်မှလှမ်းမကြည့်ဘဲ ဝင်ထိုင်လိုက်သည်။

'မဟုတ်မှလွဲရော ဒီပေါက်ကျိုင်းဆိုတဲ့မောင်တော့ ဒို့နှမကို ပိုးနေပြီထင်တယ်နော် သက်သက်၊ ဟုတ်တယ်မို့လား'

ကျော်ထွန်းညိုက တိုးတိုးလေးပြောသည်။

'ပိုးပါစေပေါ့ ကိုကိုရဲ့၊ ကိုကိုလည်း သူများတွေကို ပိုးနေတာပဲဟာ'

သက်သက်က သူ့ကိုယ်သူ သတိမထားမိခင်မှာပင် မကျေမနပ်လေးပြောလိုက်မိသည်။

'ဒို့က ဘယ်သူ့ကိုပိုးလို့လဲ'

ကျော်ထွန်းညိုသည် ရုတ်တရက်မျက်နှာနီသွားသည်။ ထို့နောက်မှ မသိမသာသက်ပြင်းရှိုက်ကာ မချိပြုံးပြုံး၍ မေးလေသည်။

'စုလှိုင်ကိုလေ'

သက်သက်က မကျေမချမ်းနှင့် ဝမ်းပန်းတနည်းပြောလိုက်မိသည်။ စုလှိုင်နှင့်ယှဉ်မိတိုင်း ကိုယ့်ကိုယ်ကို တစ်ဆင့်နိမ့်နေသူလိုခံစားရပြီး အားငယ်ရသည်။

'ဂျင်မခါနာ ကလေးဆေးရုံ၊ ချစ်ဒုက္ခမှတ်တိုင်ခင်ဗျာ၊ ချစ်ဒုက္ခသည်တွေ တိုးဆင်းကြပါ၊ တိုးတက်ကြပါ'

မျက်နှာကို ဇွတ်အတင်းတည်ထားသော အမာညီုသည် ကားစပယ်ယာ၏အသံကိုကြားရသောအခါ ဟက်ခနဲရယ်လိုက်မိလေသည်။ အမာညီု့ဘေးတွင်ထိုင်နေသော ကိုယ်ဝန်ဆောင်အမျိုးသမီးသည် စပယ်ယာကို မကျေမနပ်နှင့် မျက်စောင်းချိတ်လိုက်သည်ကို သတိထားလိုက်မိ၍ ပိုပြီးရယ်ချင်သွားသည်။

'လူတွေများ သိပ်ပြီးအလှကြိုက်ကြတာပဲနော်၊ အင်းလေ စုလှိုင်ကလည်းသိပ်လှတာကိုး'

သက်သက်က ညည်းသယောင်ယောင်ပြောသည်။ သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို မစွက်ဖက်သင့်ကြောင်းသိသော်လည်း စကားနာထိုးချင်စိတ်ကိုကား တားဆီး၍မရနိုင်ပေ။

'သက်သက်ရော အလှမကြိုက်ဘူးလား'

ကျော်ထွန်းညိုက စကားလွှဲသည်။ သက်သက်သည် မကြားချင်ဟန်ဆောင်ကာ ကားအပြင်ဘက်သို့ငေး၍ကြည့်နေလိုက်သည်။ ကားလမ်းဘေးရှိရေမြောင်းထဲသို့ ကလေးငယ်တစ်ဦး မစင်စွန့်ချနေသည်။ ရေမြောင်းကိုကျော်ပေးပြီး ငုတ်တုတ်ထိုင်နေရာမှဖြတ်သွားသောကားများကို တစ်စီး၊ နှစ်စီး လက်ညှိုးထိုး၍ရေတွက်နေသည်။ မလှမ်းမကမ်းတွင်ကား ဗန်းနှင့်လှန်းထားသော သရက်သီးခြောက်များကိုတွေ့ရသည်။ အမာညီုအသည်းစွဲကြိုက်သော အချဉ်ထုပ်များလုပ်ရန်ပင်ဖြစ်သည်။ ရေမြောင်းထဲတွင် ကျွမ်းလိုမ့်ထိုးနေသော ရွှေယင်ကောင်တို့သည် ထိုဗန်းထဲသို့လည်း အလည်အပတ်သွားကြမည်မှာ ကျိန်းသေလှသည်။

'သက်သက်ကရော အလှမကြိုက်လို့လား'

'သိပ်ကြိုက်တာပေါ့ ကိုကိုရယ်'

သူ့ဘေးမှတိုးဖြတ်သွားသော စပယ်ယာလေးအား ကိုယ်ကျုံ့၍ရှောင်ပေးရင်း သက်သက်က မချိပြုံးလေးဖြင့်ပြောမိလေသည်။

'ကဲ ကဲ အလှကြိုက်တာနောက်မှကြိုက် နောင်ကြီးရေ၊ ညာဘက်ဘေးနည်းနည်းကပ်'

စပယ်ယာလေးက ရယ်မောပြောသောအခါ တစ်ကားလုံးပြုံးမိကြတော့သည်။ ကျော်ထွန်းညိုသည်လည်း ရှက်ကိုးရှက်ကန်းနှင့်ရယ်လိုက်မိသည်။ ထို့ပြင် ရယ်သံကြီးကြီးတစ်ခုကိုလည်း သတိထားမိသည်။

ပေါက်ကျိုင်းဖြစ်သည်။ သူသည် ကားအမိုးပေါ်မှ သံဘားတန်းကို ခိုဆွဲထားရင်း လည်ကြီးလိမ်ကာ ကျော်ထွန်းညိုအားလှည့်ကြည့်နေသည်။ ပါးစပ်ဖြဲကာရယ်နေသည်။

သက်သက်သည် နဖူးမှချွေးများကို လက်ဖမိုးနှင့်သုတ်လိုက်သည်။ နားမလည်လိုက်သလိုလှည့်ကြည့်နေသော အမာညီုအား ပြုံးပြလိုက်ရင်း 'သက်သက် အလှကြိုက်ရုံတင်မကဘူး၊ လှလည်း သိပ်လှချင်တာ၊ သိပ်လှတဲ့သူဖြစ်ချင်တာ'ဟု ရင်ထဲမှပြောနေမိလေသည်။

■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

# အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကို ဇန်နဝါရီ လ ၂၆ ရက်က ရန်ကုန်မြို့ရှိအကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဇေယျာသီဟခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဧည့်သည်တော်များ၊ အကောက်ခွန်ဦးစီးဌာနအရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အကောက်ခွန်ဝန်ထမ်းသားသမီးများကို ဂုဏ်ပြုဆု၊ အထူးချီးကျူးဂုဏ်ပြုဆု၊ ၁၀ ကြိမ်နှင့်အထက် သွေးလှူဒါန်းသူဝန်ထမ်းနှင့် ငါးကြိမ်နှင့်အထက် သွေးလှူဒါန်းသူဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းဆု၊ ဝန်ထမ်းအိမ်ရာသန့်ရှင်းရေးဆု၊ လုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုဆုရရှိသူများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအား ချီးကျူးဂုဏ်ပြုဆု၊ WCO ၏ ဂုဏ်ထူးဆောင်လက်မှတ်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။




နေကိုထိုက်

# ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က ဂါရဝပြုတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၇

ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုဟာမက် အီရှပ်ဒါး၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ မိုဟာမက် ရှီဘက် ရှာရစ်ဖ် အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုကဏ္ဍတို့အပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြဝတီ

# ဂမ်ဘီယာနှင့်မြန်မာအမှု၏ကြားနာပွဲ ဆက်လက်ပြုလုပ်




နေပြည်တော် ဇန်နဝါရီ ၂၇

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ ဂမ်ဘီယာက ဒုတိယအကျေ့လျှောက်လဲမှုကို ယမန်နေ့ဒေသစံတော်ချိန်နံနက် ၁၀ နာရီက စတင်သည်။

ကြားနာပွဲသို့ ယခင်တက်ရောက်နေကျ တရားသူကြီး ၁၄ ဦးအပြင် တရုတ်နိုင်ငံ တရားသူကြီး Mrs. Xue ပါဝင်ခဲ့ပြီး စုစုပေါင်း တရားသူကြီး ၁၅ ဦး တက်ရောက်သည်။

ဂမ်ဘီယာနိုင်ငံ၏ဦးဆောင်ရှေ့နေနှင့် ရှေ့နေများက မြန်မာနိုင်ငံသည် ဘင်္ဂါလီများအား လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ရှိကြောင်း စွပ်စွဲလျှောက်လဲခဲ့ကြပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဂမ်ဘီယာနိုင်ငံ၏ဒုတိယအကျေ့လျှောက်လဲချက်များကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် နှစ်နိုင်ငံကြား ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ



# မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရှေ့ပြေးစမ်းသပ်မှုစတင်

နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ရထားလက်မှတ်များကို Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment System – ORTP)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးပြင်ဆင်ပေးလျက်ရှိသည်။



အဆိုပါစနစ်ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project) အဖြစ်ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖေဖော်ဝါရီလ ၇ ရက်တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/(၁၂)အစုန် (ရန်ကုန်-မန္တလေး-ရန်ကုန်) လူစီးအမြန်ရထား၊ အမှတ်(၇)အဆန်/(၈)အစုန် (ရန်ကုန်-နေပြည်တော်- ရန်ကုန်) DEMU အမြန်ရထား ၊ အမှတ်(၃၁)အဆန်/(၃၂) အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် (မန္တလေး-နေပြည်တော်-မန္တလေး) လူစီးအမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ယခုလာမည့် ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ORTP စနစ်ဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ လူစီးအမြန်ရထားများ စီးနင်းလိုက်ပါရန် လက်မှတ်များဝယ်ယူရာတွင် ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခုနစ်ရက်ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများမှ စီးနင်းလိုက်ပါလိုပါက သုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ပြီး ရထားထွက်ခွာဆိုက်ရောက်ချိန်များ၊ ရပ်တန့်ဘူတာများ၊ လက်မှတ်ခနှုန်းထားများမှာ ယခင်အတိုင်းဖြစ်သည်။

အဆိုပါစနစ်ကို အသုံးပြုမည်ဆိုပါက မိမိအသုံးပြုလိုသည့် Browser တစ်ခုခုကို ဖွင့်ပြီး ortp.railways.gov.mm ဆိုသည့် Link အား ရိုက်နှိပ်၍ စနစ်သို့ လွယ်ကူစွာဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စနစ်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ပြုလုပ်ထားသော QR Code ကို မိမိလက်ကိုင်ဖုန်းဖြင့် Scan ဖတ်၍လည်း ဝင်ရောက်နိုင်သည်။ စနစ်အား အသုံးပြုပုံအဆင့်ဆင့် အသိပညာပေးခြင်းအစီအစဉ်နှင့် စနစ်သို့ဝင်ရောက်နိုင်သည့် Link နှင့် QR Code တို့ကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့မီးရထား Website နှင့် ဘူတာရုံအသီးသီးတို့တွင် ကြေညာအသိပေးထားပြီးဖြစ်သည်။

ခရီးသွားပြည်သူများအနေဖြင့် Online မှ လက်မှတ်များဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါကလည်း သက်ဆိုင်ရာဘူတာရုံ/လက်မှတ်ရုံတို့သို့ လာရောက်၍လည်း အဆိုပါစနစ်အသုံးပြုပြီး ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားသည်။ ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မြန်မာ့မီးရထား၏ Hotline ဖုန်းအမှတ် ၁၁၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

မြဝတီ

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၃/၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)
**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၄/၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)
**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဦးစီးဌာနဖွဲ့စည်းတည်ထောင်ခြင်း (၂၂)ကြိမ်မြောက်အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဦးစီးဌာနဖွဲ့စည်းတည်ထောင်ခြင်း(၂၂)ကြိမ်မြောက်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ကျင်းပသည်။




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစားသုတေသီပညာရှင်များနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသဆိုင်ရာသုတေသနဗဟိုဌာနများ၊ စိုက်ပျိုးရေးသုတေသနခြံများ၊ သုတေသနစခန်းများမှ သုတေသီပညာရှင်များ၊ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးသုတေသနလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ဦးစီးဌာနအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်းမှာ (၂၂)ကြိမ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက မူဝါဒများပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအရေးပါသည့် လုပ်ငန်းများဖြစ်ကြောင်း၊ မိမိတို့၏သုတေသနလုပ်ငန်းများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မျှော်မှန်းချက်များနှင့်အညီဖြစ်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနများဆန်းသစ်တီထွင်နေမှုကို အမြဲကြိုးစားသွားကြရန် အလေးအနက်မှာကြားလိုကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့်ပညာရှင်အင်အား၊ သက်ဆိုင်ရာ ရာထူးတာဝန်အဆင့်ဆင့်အလိုက် ဖြည့်ဆည်းခန့်ထားပေးနိုင်ရန်နှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သုတေသနစွမ်းဆောင်ရည်ဂုဏ်ပြုဆု ၄၃ ဆုကို ပေးအပ်ကြပြီး တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်အတွင်း အသက် ၆၂ နှစ်ပြည့် အငြိမ်းစားယူကြမည့် အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့အထိ စပါး၊ ပြောင်း၊ ဂျုံနှင့် ဆီထွက်သီးနှံများ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ စက်မှုကုန်ကြမ်းသီးနှံများအား မျိုးမွေးမြူခြင်းသုတေသနမှ စုစုပေါင်းသီးနှံမျိုးပေါင်း သုံးရာကျော် မျိုးမွေးမြူထုတ်လုပ်နိုင်ခဲ့သည့်နည်းတူ ကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေသအလိုက်ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း သီးနှံမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း၊ ဆန်းသစ်သော စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာများကို စဉ်ဆက်မပြတ်ဖော်ထုတ်ခြင်းတို့ကို အဓိကထားပြီး လုပ်ငန်းစဉ် (၇)ရပ်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုအနေဖြင့် ယခုနှစ်အတွင်း သီးနှံမျိုးသစ် ၁၂ မျိုး၊ နည်းပညာခုနစ်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ နေပန်-လပန် စက်မှုလယ်ယာ စနစ်ကျလယ်မြေ၌ နွေစပါးစိုက်ပျိုးနေမှုကိုကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝါးလက်မှုထုတ်ကုန်ပစ္စည်းအမျိုးမျိုး ဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းပြပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဆိုင်ရာ ပြည်သူအခြေပြု အသေးစားစီးပွားရေးလုပ်ငန်းများ သရုပ်ပြတည်ထောင်ခြင်းစီမံကိန်း၏ဝါးလက်မှုထုတ်ကုန်ပစ္စည်းအမျိုးမျိုးဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းပြပွဲကို ယနေ့နံနက် ၉ နာရီတွင် Kumudra Grand Ballroom, Hotel Max, Naypyitaw ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝါးသည် ကမ္ဘာပေါ်တွင် အကြီးမြန်ဆုံးအပင်များအနက် တစ်မျိုးဖြစ်ပြီး အချိန်တိုအတွင်းအသုံးချနိုင်သောအရွယ်အစားရရှိသည့်အပြင် လေထုထဲရှိကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များစွာကိုစုပ်ယူနိုင်ပြီး ရေတိုက်စားမှုကိုလည်း အထူးကာကွယ်ကြောင်း၊ ဝါးလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ခြေလှမ်းအသစ်ဖြစ်ရုံသာမက ရေရှည်တည်တံ့သော စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပြိုင်တည်းအထောက်အကူပြုနိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝါးလက်မှုလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာပညာရှင်များက အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။



ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့တွင် စနေ၊ တနင်္ဂနွေနေ့အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းများသို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် အသက် ၁၄ နှစ်အထက် မူလတန်းပညာ အောင်မြင်ပြီးသူများတက်ရောက်နိုင်ကြောင်းကိုလည်း ကြော်ငြာစာများတွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဇန်နဝါရီလ ၅ ရက်မှဖေဖော်ဝါရီလ ၁၃ ရက်ထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင်သင်တန်းသားခြောက်ဦး၊သင်တန်းသူ ၂၆၈ ဦးစုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၂၇၄ ဦးတက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# ရခိုင်တိုင်းရင်းသားများပါတီ(RNP) သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂၆)

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်**

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သောပဋိပက္ခနှင့်စပ်လျဉ်း၍ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာတရားရုံး(ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား စွပ်စွဲခဲ့သည်မှာ ၆ နှစ်ကျော်မျှ ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၎င်းတရားစွဲဆိုမှုသည် မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတစ်ရပ်ရပ်အား စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား စွဲဆိုခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။

၃။ ထိုတရားစွဲဆိုမှု၏ နောက်ဆက်တွဲအကျိုးဆက်အား အလျင်ဆုံးခံစားရမည့်သူများမှာ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

၄။ ရခိုင်တိုင်းရင်းသားပြည်သူများနှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားမိဘပြည်သူများကိုယ်စား အမှန်တရားအတွက် နိုင်ငံတကာတရားရုံး(ICJ)တွင် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့အတွင်း ခုခံချေပလျှောက်လဲလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရခိုင်တိုင်းရင်းသားများပါတီ(RNP)အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ရခိုင်တိုင်းရင်းသားများပါတီ

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ သဘောထားထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် အကြောင်းခြင်းရာများသည် ဥပဒေရေးရာကိစ္စတစ်ခုတည်းမဟုတ်ဘဲ မိမိတို့နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ ပြည်ထောင်စုဖွား နိုင်ငံသား/တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွား၊ နိုင်ငံ့နယ်နိမိတ်အပိုင်းအခြားနှင့်နိုင်ငံတော်လုံခြုံမှုကာကွယ်ရေးတို့ပါ ထိခိုက်လာစေနိုင်သည့်အတွက် နိုင်ငံတကာ တရားရုံး(ICJ)တွင် နိုင်ငံတကာဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရပ်တည်ဖြေရှင်းနေကြောင်းတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ကိုယ်စား နိုင်ငံတကာတရားရုံး(ICJ)သို့ သွားရောက်၍ မိမိတို့နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ နိုင်ငံသား/တိုင်းရင်းသားပြည်သူလူထုတို့၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွားများနှင့်သက်ဆိုင်သည့် မတရားစွပ်စွဲချက်ကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ ပကတိဖြစ်စဉ်အမှန်တရားများကို ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ထားကြိုဆိုထောက်ခံပါကြောင်းနှင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံတော်မှချမှတ်ဆောင်ရွက်နေသည့် မူဝါဒလုပ်ငန်းစဉ်များနှင့် တစ်သွေးတည်း၊ တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ




# ဟုမ္မလင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ဟုမ္မလင်း ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သောစပါးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှစာရင်းများအရ သိရသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံ ၆၃၇၁၃ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၇၉ ဒသမ ၃၀ တင်းထွက်ရှိကြောင်း သိရသည်။

“ဟုမ္မလင်းမြို့နယ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၃၇၁၃ ဧကအထိပဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မိုးစပါးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာလိုအပ်တဲ့ နည်းပညာမျိုးတွေဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်”ဟု ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ဟုမ္မလင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၉)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သက်ကြီးရွယ်အိုများ၏ နှလုံးနှင့်ဦးနှောက်ကျန်းမာရေးအတွက် အကောင်းဆုံးနံနက်စာ

> **"နံနက်စာအတွက် အခွံမာသီးနှင့် အစေ့အဆန်များကို ရောစပ်ပြီးစားသုံးခြင်းဖြင့် နှလုံးကျန်းမာစေသော အဆီ၊ ပရိုတင်းနှင့်အမျှင်ဓာတ်ကို ထောက်ပံ့ပေးနိုင်သည်။ ဗာဒံစေ့၊ သစ်ကြားသီး၊ ချီယာစေ့နှင့် နှမ်းကြွတ်စေ့များသည် ဦးနှောက်ကျန်းမာရေးနှင့် နှလုံးသွေးကြောဆိုင်ရာ အထောက်အပံ့များအတွက် အထူးအကျိုးရှိသည်။ Oatmeal ပေါ်တွင် အစေ့အဆန်များကို ဖျန်းခြင်း၊ ဒိန်ချဉ်ထဲတွင် ရောစပ်ခြင်း သို့မဟုတ် အသီးအနှံများနှင့်အတူ အစေ့အဆန် လက်တစ်ဆုပ်စာ စားသုံးခြင်းဖြင့် အာဟာရမြှင့်တင် ပေးနိုင်သည်. . ."**

သက်ကြီးရွယ်အိုများအတွက် နံနက်စာသည် တစ်နေ့တာ၏ပထမဆုံး အစားအစာဖြစ်သဖြင့် မှန်ကန်သောအစားအစာများကို ရွေးချယ်ခြင်းသည် နံနက်ခင်းအတွက် လိုအပ်သောစွမ်းအင်နှင့် စိတ်ကျေနပ်မှုကို တိုးပွားစေပြီး ပင်ပန်းနွမ်းနယ်မှုကို ကာကွယ်ပေးကာ အစာချေဖျက်မှုကို သက်သာစေသည်။ သွေးတွင်းသကြားဓာတ်ကိုတည်ငြိမ်စေသဖြင့် ဉာဏ်ရည်ဉာဏ်သွေးကိုမြှင့်တင်ပေးပြီး ကျန်းမာသောအသက်အရွယ်အတွက် လိုအပ်သော ဗီတာမင်နှင့်သတ္တုဓာတ်များကို ပံ့ပိုးပေးနိုင်သည်။ ခန္ဓာကိုယ်သည် အသက်ကြီးလာသည်နှင့်အမျှ နှလုံးကျန်းမာရေး၊ ဦးနှောက် လုပ်ဆောင်ချက်နှင့် ကြွက်သားထိန်းသိမ်းမှုကို ပံ့ပိုးပေးသည့် အာဟာရဓာတ်ကြွယ်ဝသောအစားအစာများ လိုအပ်သည်။ ကျန်းမာရေးနှင့် ညီညွတ်မျှတသောနံနက်စာတွင် ကာဗိုဟိုက်ဒရိတ်၊ အဆီမပါသော ပရိုတင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအဆီများ(Omega-3၊ မိုနိုမပြည့်ဝဆီ)၊ အမျှင်ဓာတ်များ၊ အင်တီအောက်စီးဒင့်များ၊ မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များကဲ့သို့သော အဓိကအာဟာရဓာတ်များပါဝင်သင့်သည်။

National Institute on Aging ၏အဆိုအရ သက်ကြီးရွယ်အိုများသည် အာဟာရဓာတ်ကြွယ်ဝသောအစားအစာများကို စားသုံးခြင်းဖြင့် စွမ်းအင်ကိုထောက်ပံ့ပေးနိုင်ပြီး ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းထားကာ နှလုံးရောဂါနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါကဲ့သို့သော နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ အစေ့အဆန်များ၊ အဆီမပါသော အသားများ၊ ဥများ၊ ပဲမျိုးစုံနှင့် နို့ထွက်ပစ္စည်းများကဲ့သို့ ပရိုတင်းများအပြင် အခွံမာသီးများ၊ အစေ့များ၊ ထောပတ်သီးနှင့် ငါးများမှ ကျန်းမာရေးနှင့် ညီညွတ်သောအဆီများကို နေ့စဉ်အစားအစာများတွင် ထည့်သွင်းခြင်းသည် သက်ကြီးရွယ်အိုများကို အားပြည့်စေသည့်အပြင် အလုံးစုံကျန်းမာရေးကို တိုးတက်စေသည်။

သက်ကြီးရွယ်အိုများ၏ နှလုံးနှင့်ဦးနှောက်ကျန်းမာရေးအတွက် ကောင်းမွန်သော ရွေးချယ်စရာနံနက်စာသည် ပဲပြုတ်ထမင်း၊ ကြက်ဥ၊ အစေ့အဆန်ပေါင်မုန့်၊ အစေ့အဆန်များ၊ ပဲစေ့များ၊ အခွံမာသီးများ၊ ကန်စွန်းဥ၊ Oatmeal၊ ဂရိဒိန်ချဉ်၊ ထောပတ်သီးနှင့် လတ်ဆတ်သော သစ်သီးဝလံများဖြစ်သည်။ တစ်နေ့တာကို အာဟာရပြည့်အစားအစာများဖြင့် စတင်ခြင်းသည် ပရိုတင်း၊ အမျှင်ဓာတ်နှင့် ကျန်းမာရေးနှင့်ညီညွတ်သောအဆီများ၊ အင်တီအောက်စီးဒင့်နှင့် ဗီတာမင်များကဲ့သို့ အဓိက အာဟာရဓာတ်များကို ပေးစွမ်းနိုင်သဖြင့် ဦးနှောက်၊ နှလုံးနှင့်ကြွက်သား လုပ်ငန်းဆောင်တာများကို မြှင့်တင်ပေးနိုင်ပြီး စဉ်ဆက်မပြတ်စွမ်းအင်ကို ထောက်ပံ့ပေးနိုင်သဖြင့် အလုံးစုံတက်ကြွမှုကို မြှင့်တင်ပေးနိုင်သည်။ အာဟာရပြည့်အစားအစာများသည် အင်တီအောက်စီးဒင့်များပါဝင်သောကြောင့် ရောင်ရမ်းမှုကိုဆန့်ကျင်သောဂုဏ်သတ္တိများရှိပြီး ဆဲလ်များပျက်စီးခြင်းမှကာကွယ်ရန် အရေးကြီးသောဗီတာမင်များပါဝင်သည်။ ဆန်လုံးညိုသည် ရှုပ်ထွေးသော ကာဗိုဟိုက်ဒရိတ်ကို ပံ့ပိုးပေးခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်မမြင့်တက်စေဘဲ ဆက်တိုက်စွမ်းအင်ရရှိစေသည်။ ပဲအမျိုးမျိုးမှ ပရိုတင်းသည် ကြွက်သားများကို ထိန်းသိမ်းရန် မရှိမဖြစ်လိုအပ်သည်။ Omega-3 ကြွယ်ဝသောငါးသည် နှလုံးနှင့်ဦးနှောက်အတွက် အထူးကောင်းမွန်သည်။

### Oatmeal

Oatmeal သည် ပျော်ဝင်နိုင်သော အမျှင်ဓာတ်မြင့်မားသောကြောင့် သက်ကြီးရွယ်အိုများအတွက် အထူးကောင်းမွန်ပြီး အချိန်မကုန်သော အဓိကနံနက်စာဖြစ်သည်။ ကိုလက်စထရောပမာဏကို လျှော့ချပေးပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သဖြင့် နှလုံးရောဂါနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ American Journal of Clinical Nutrition မှ လေ့လာမှုတစ်ခုအရ ပျော်ဝင်နိုင်သောအမျှင်ဓာတ်ပါသည့် Oats စားသုံးခြင်းဖြင့် မကောင်းသောကိုလက်စထရောနှင့် စုစုပေါင်းကိုလက်စထရောများကို လျှော့ချပေးနိုင်သည်။ Oatmeal သည် နှလုံးကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည်။

### ကြက်ဥ

ကြက်ဥသည် အရည်အသွေးမြင့် ပရိုတင်း၊ မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်စစ်နှင့် ဗီတာမင်-D၊ ဗီတာမင်-B 12 နှင့် Choline တို့ကဲ့သို့ အာဟာရဓာတ်များ အကြွယ်ဝဆုံးအစားအစာတစ်ခုဖြစ်သည်။ ဤအာဟာရဓာတ်များသည် သက်ကြီးရွယ်အိုများအတွက် အထူးအရေးကြီးသည့် ဦးနှောက်ကျန်းမာရေး၊ ကြွက်သားလုပ်ဆောင်မှုနှင့် အလုံးစုံတက်ကြွမှုကို ထောက်ပံ့ပေးသည်။ အာဟာရပြည့်ဝသော နံနက်စာအတွက် ကြက်ဥကို ပြုတ်ခြင်း၊ ကြော်ခြင်း သို့မဟုတ် ဟင်းသီးဟင်းရွက်များပါသော Omelets အဖြစ် စွယ်စုံပြုလုပ်နိုင်သည်။

### ဂျုံလုံးပေါင်မုန့်

ဂျုံလုံးပေါင်မုန့် သို့မဟုတ် အစေ့အဆန်ပေါင်မုန့်သည် ရှုပ်ထွေးသော ကာဗိုဟိုက်ဒရိတ်ကို ထောက်ပံ့ပေးပြီး သွေးတွင်းသကြားဓာတ် ရုတ်တရက်မတက်ဘဲ ဆက်တိုက်စွမ်းအင်ရရှိစေသည်။ အစေ့အဆန်များသည် သန့်စင်ထားသော ပေါင်မုန့်များနှင့်မတူဘဲ အစာချေဖျက်မှုနှင့် နှလုံးသွေးကြောကျန်းမာရေးကို ပံ့ပိုးပေးသည့် အမျှင်ဓာတ်၊ ဗီတာမင်-B နှင့် သတ္တုဓာတ်များ ကြွယ်ဝသည်။ ဂျုံလုံးပေါင်မုန့်သည် ကြက်ဥ၊ ဒိန်ချဉ် သို့မဟုတ် ကျန်းမာရေးနှင့်ညီညွတ်သောအဆီအတွက် ထောပတ်သီး၊ ပရိုတင်းအတွက် အခွံမာသီး၊ ဗီတာမင်အတွက် ခရမ်းချဉ်သီးများ သို့မဟုတ် လတ်ဆတ်သောအသီးအနှံများနှင့် ကောင်းစွာတွဲဖက်နိုင်ပြီး မျှတသော အစားအစာများကို ပြင်ဆင်နိုင်သဖြင့် သက်ကြီးရွယ်အိုများကို စိတ်ကျေနပ်မှုရရှိစေသည်။

### လတ်ဆတ်သောအသီးအနှံများ

ဘယ်ရီသီး၊ ပန်းသီး၊ လိမ္မော်သီး၊ ထောပတ်သီးနှင့် ငှက်ပျောသီးသည် မရှိမဖြစ်လိုအပ်သော ဗီတာမင်များ၊ သတ္တုဓာတ်များ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အမျှင်ဓာတ်တို့ကို ဖြည့်ဆည်းပေးသည်။ ဘယ်ရီသီးသည် ဦးနှောက်ကို အားကောင်းစေသော Flavonoid များကြွယ်ဝပြီး ထောပတ်သီးနှင့် ငှက်ပျောသီးများသည် နှလုံးကျန်းမာရေးအတွက် ပိုတက်ဆီယမ်နှင့် မိုနိုမပြည့်ဝဆီများ ပေးစွမ်းနိုင်သည်။ ပြုပြင်ထားသောသကြားများနှင့် ဆက်စပ်မှုမရှိသော သဘာဝသကြားများကို ပံ့ပိုးပေးသည်။ သစ်သီးများကို လတ်ဆတ်သောအချိုပွဲအဖြစ် သို့မဟုတ် ဖျော်ရည်အဖြစ်စားသုံးနိုင်သည်။ ဒိန်ချဉ် သို့မဟုတ် အခွံမာသီးလက်တစ်ဆုပ်စာကဲ့သို့သော ပရိုတင်းဓာတ်ကြွယ်ဝသည့်အစားအစာများနှင့် ပေါင်းစပ်စားသုံးနိုင်သည်။ လူကြီးများသည် နံနက်ပိုင်းတွင် အစာကြေလွယ်သည့် ငှက်ပျောသီး သို့မဟုတ် ပန်းသီးကဲ့သို့သော ပျော့သောအသီးအနှံများကို စားသုံးနိုင်သည်။

### အခွံမာသီးများနှင့် အစေ့အဆန်များ

နံနက်စာအတွက် အခွံမာသီးနှင့် အစေ့အဆန်များကို ရောစပ်ပြီး စားသုံးခြင်းဖြင့် နှလုံးကျန်းမာစေသော အဆီ၊ ပရိုတင်းနှင့် အမျှင်ဓာတ်ကို ထောက်ပံ့ပေးနိုင်သည်။ ဗာဒံစေ့၊ သစ်ကြားသီး၊ ချီယာစေ့နှင့် နှမ်းကြွတ်စေ့များသည် ဦးနှောက်ကျန်းမာရေးနှင့်နှလုံးသွေးကြောဆိုင်ရာ အထောက်အပံ့များအတွက် အထူးအကျိုးရှိသည်။ Oatmeal ပေါ်တွင် အစေ့အဆန်များကို ဖျန်းခြင်း၊ ဒိန်ချဉ်ထဲတွင် ရောစပ်ခြင်း သို့မဟုတ် အသီးအနှံများနှင့်အတူ အစေ့အဆန်လက်တစ်ဆုပ်စာ စားသုံးခြင်းဖြင့် အာဟာရမြှင့်တင်ပေးနိုင်သည်။

### ဗာဒံစေ့

ဗာဒံစေ့သည် လူတိုင်းအတွက် အဓိကကျသော နံနက်ခင်းအစားအစာဖြစ်ပြီး မိုနိုမပြည့်ဝဆီများ၊ ပရိုတင်း၊ အမျှင်ဓာတ်၊ ဗီတာမင်-E နှင့် မဂ္ဂနီဆီယမ်တို့ပါဝင်သည်။ မကောင်းသောကိုလက်စထရောကို လျှော့ချပေးခြင်း၊ သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းညှိပေးခြင်း၊ ကိုယ်အလေးချိန်ထိန်းညှိရာတွင် အထောက်အကူဖြစ်စေရန် ဆာလောင်မှုကို လျှော့ချပေးခြင်းကြောင့် နှလုံးသွေးကြောဆိုင်ရာ အသက်ရှည်မှုအတွက် အရေးကြီးသည်။ ဗီတာမင်-E သည် ဆဲလ်အမြှေးပါးများကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လုပ်ဆောင်ပြီး မဂ္ဂနီဆီယမ်သည် ကြွက်သားများနှင့်အာရုံကြောများကို ပြေလျော့စေသဖြင့် ကြွက်တက်ခြင်းမှကာကွယ်ပေးကာ ကောင်းမွန်စွာအိပ်စက်ခြင်းကို အားပေးသည်။

### ကန်စွန်းဥ

ကန်စွန်းဥသည် အမြစ်ပါသောဟင်းသီးဟင်းရွက်ဖြစ်ပြီး Beta-Carotene ကြွယ်ဝသည်။ ခန္ဓာကိုယ်မှ ဗီတာမင်-A အဖြစ်သို့ ပြောင်းလဲပေးပြီး ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးသည်။ အမျှင်ဓာတ်၊ ဗီတာမင်-C နှင့် ပိုတက်ဆီယမ်ကြွယ်ဝစွာပါဝင်ပြီး အစာအိမ်အတွင်းရှိ Microbiome များကို အကျိုးသက်ရောက်မှုများမှတစ်ဆင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည်။ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များနှင့်မတူဘဲ ဂလူးကို့စ်များကို ဖြည်းညင်းစွာထုတ်လွှတ်ကာ တစ်နေ့တာလုံး လန်းဆန်းစေမည်ဖြစ်သည်။ ကန်စွန်းဥကို ပုံမှန်စားသုံးခြင်းသည် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေနည်းပါးခြင်း၊ အစာခြေလမ်းကြောင်း ကျန်းမာရေးကောင်းမွန်ခြင်းအပြင် ရောင်ရမ်းမှုအမှတ်အသားများကိုပင် လျှော့နည်းစေနိုင်သည်။ ပြုပြင်ထားသောသရေစာများထက် သာလွန်ကောင်းမွန်သည်ဟု ဆိုနိုင်သည်။

### ထောပတ်သီး

ထောပတ်သီးသည် အာဟာရဓာတ်သိပ်သည်းသောဂုဏ်သတ္တိများကြောင့် လူသိများသည်။ နှလုံးကျန်းမာရေးအတွက်အကျိုးရှိသော မိုနိုမပြည့်ဝဆီများ၊ အမျှင်ဓာတ်၊ ပိုတက်ဆီယမ်နှင့် ဗီတာမင်-K၊ C၊ E နှင့် B-complex ကြွယ်ဝစွာပါဝင်သောကြောင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး စိတ်ကျေနပ်မှုကို တိုးမြင့်စေသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အဆီများသည် တခြားအစားအစာများရှိ အဆီတွင် ပျော်ဝင်နိုင်သော ဗီတာမင်များကို ကောင်းစွာစုပ်ယူနိုင်စေရန် အထောက်အကူဖြစ်စေသည်။

### ဂရိဒိန်ချဉ်

ဂရိဒိန်ချဉ်တွင် အသက်ကြီးလာသည်နှင့်အမျှ ကြွက်သားနှင့် ကြံ့ခိုင်မှုကိုထိန်းသိမ်းရန် အရေးကြီးသောပရိုတင်းဓာတ်ပါဝင်သည်။ ကယ်လ်စီယမ်ကြွယ်ဝစွာပါဝင်ပြီး အရိုးကျန်းမာရေးကို အထောက်အကူပြုသည့်အပြင် ပရိုဘိုင်အိုတစ်များပါဝင်သောကြောင့် အစာခြေခြင်းနှင့် အာဟာရစုပ်ယူမှုကို အထောက်အကူပြုသည်။ သက်ကြီးရွယ်အိုများအတွက် သကြားမပါသော ရိုးရိုးဂရိဒိန်ချဉ်ကို လတ်ဆတ်သောအသီးအနှံများ၊ အခွံမာသီးလက်တစ်ဆုပ်စာ သို့မဟုတ် ပျားရည်နှင့်ပေါင်းစပ်ခြင်းဖြင့် မျှတသောနံနက်စာကို ပြင်ဆင်နိုင်သည်။ အဆီနည်းသော သို့မဟုတ် အဆီမပါသောရွေးချယ်စရာများသည် ကယ်လိုရီစားသုံးမှုကို စောင့်ကြည့်နေသူများအတွက် သင့်လျော်သော်လည်း အဆီအပြည့်ဗားရှင်းများသည် ကျေနပ်မှုကိုတိုးမြင့်စေပြီး သကြားအလွန်အကျွံမပါဘဲ အရသာကို မြှင့်တင်ပေးနိုင်သည်။ ပရိုတင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအဆီနှင့် ကာဗိုဟိုက်ဒရိတ်ပေါင်းစပ်မှုသည် ဂရိဒိန်ချဉ်ကို အာဟာရပြည့်ဝသော နံနက်စာအဖြစ် ရွေးချယ်နိုင်သည်။

### အထွေထွေအစားအသောက် အကြံပြုချက်များ

သက်ကြီးရွယ်အိုများအတွက် အာဟာရပြည့်ဝသော နံနက်စာသည် အာဟာရသိပ်သည်းမှု၊ မျှတမှုနှင့် အစာကြေလွယ်မှုကို ဦးစားပေးသင့်သည်။ ဖော်ပြပါအစားအစာများကို စိတ်ကျေနပ်ဖွယ်အစားအစာတစ်ခုအဖြစ် တစ်ဦးချင်းစီလိုအပ်ချက်အလိုက် နေ့စဉ်စိတ်ကြိုက်ပြင်ဆင်နိုင်သည်။ အနှစ်ချုပ်အားဖြင့် သက်ကြီးရွယ်အိုများအတွက် နေ့စဉ်မှန်ကန်သောအစားအသောက်ရွေးချယ်မှုများဖြင့် နေ့တစ်နေ့ကိုစတင်ခြင်းသည် သွေးတွင်းသကြားဓာတ်ကိုထိန်းသိမ်းရန်နှင့် အလုံးစုံကျန်းမာရေးကို မြှင့်တင်ရန် ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်ပြီး ကောင်းမွန်ပြည့်စုံသော နေထိုင်မှုဘဝကို ရရှိစေမည်ဖြစ်သည်။ ဟန်ချက်ညီသော နံနက်စာသည် သက်ကြီးရွယ်အိုများအား စိတ်အားထက်သန်မှုနှင့် စိတ်ကျေနပ်မှုရရှိစေမည့် တက်ကြွလန်းဆန်းသော နံနက်ခင်းတစ်ခုအတွက် အမှန်တကယ်ပင် ပြင်ဆင်ပေးနိုင်ကြောင်း ကျန်းမာရေးသုတအဖြစ် မျှဝေလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေ၊ ငွေနှင့်ကြေးဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် မသန်စွမ်းအားကစားသမားတို့၏ ဝမ်းသာပီတိစကားသံများ

**အင်တာဗျူး - ညိမ်းသူ(သတင်းစဉ်) ဓာတ်ပုံ - မောင်သီဟ**



(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့တို့တွင် ဇန်နဝါရီလ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သော မသန်စွမ်းအားကစားအဖွဲ့မှ ပြိုင်ပွဲဝင်အသင်းများသည် အားကစားနည်း ၁၁ နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ၂၀ ခု၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ် ၂၀ ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ၅၉ ခုကို ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားအဖွဲ့သည် ပြိုင်ပွဲဝင် အာဆီယံ ၁၀ နိုင်ငံတွင် အဆင့်(၆) နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အားကစားကဏ္ဍဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးခဲ့ကြသော မသန်စွမ်းအားကစားသမားများသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများနှင့်ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပြီး အောင်မြင်မှုဆုတံဆိပ်များ ပွေ့ပိုက်ယူဆောင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများနှင့် တာဝန်ရှိသူတို့၏ ဝမ်းမြောက်ဂုဏ်ယူဖွယ်ဝမ်းသာပီတိစကားသံတို့ကိုစုစည်းဖော်ပြလိုက်ပါသည်။

**ဗိုလ်ချုပ်လှမိုး (မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ)**



ကျွန်တော်တို့ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေနဲ့ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာ အားကစားနည်း ၁၁ မျိုးမှာ အားကစားသမား ၉၇ ဦး ပြိုင်ပွဲဝင်ခဲ့ပါတယ်။ ဆုတံဆိပ်အနေနဲ့ ရွှေ ၂၀ ခု၊ ငွေ ၁၉ ခုနဲ့ ကြေး ၂၀ ခု စုစုပေါင်း ၅၉ ခု ရရှိခဲ့တာကြောင့် နိုင်ငံအလိုက်အနေနဲ့ အဆင့်(၆)မှာ ရှိပါတယ်။ ၂၀၀၈ နောက်ပိုင်းကစပြီး ရွှေတံဆိပ်ဆုတွေပိုမိုရရှိလာအောင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေနဲ့ ပြုပြင်ပြောင်းလဲမှုနှင့် အတူ နည်းစနစ်ပိုင်းဆိုင်ရာပြောင်းလဲမှုနဲ့ လေ့ကျင့်မှုပိုင်းကိုလည်း ပိုမိုအားထုတ်ခဲ့တဲ့အတွက်တိုးတက်လာမှုကို တွေ့ရပါတယ်။ အထူးသဖြင့် ဘော်လီဘောအားကစားနဲ့ ယခင်ပြိုင်ပွဲကတည်းက ရွှေမျှော်မှန်းခဲ့တာပါ။ ၂၀၂၄ ခုနှစ်မှာ ပိုပြီးအားထုတ်လေ့ကျင့်ခဲ့တာကြောင့် ဒီပြိုင်ပွဲမှာ မျှော်မှန်းထားတဲ့ရွှေကို ထိုက်ထိုက်တန်တန်နဲ့ရခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

ဘောလုံးမှာလည်း ကျန်တဲ့နိုင်ငံတွေကို နိုင်ခဲ့ပေမယ့် အိမ်ရှင်ကို ၁ ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့အတွက် ငွေပဲရခဲ့ပါတယ်။ ကျန်တဲ့အားကစားနည်းဖြစ်တဲ့ ပြေးခုန်ပစ်မှာ ရွှေ ၁၄ ခု မှန်းထားပေမယ့် ၁၁ ခုရခဲ့တယ်။ ရေကူးမှာ ရွှေလေးခုမှန်းထားပေမယ့် ရှစ်ခုရခဲ့တယ်။ ကျန်တဲ့အားကစားတွေမှာ ငွေနဲ့ကြေးတံဆိပ်ဆုတွေ အသီးသီးရရှိခဲ့ပါတယ်။ ပြိုင်ပွဲမှာ အောင်မြင်ရမယ်ဆိုတဲ့စိတ်နဲ့ကြိုးစားခဲ့ပြီး တပ်မတော်သားဖြစ်တဲ့အတွက် တပ်မတော်ကလေ့ကျင့်ပေးတဲ့အပေါ်အခြေခံပြီး အားကစားသမားတွေကို လေ့ကျင့်ပေးရာမှာ စနစ်တကျ လေ့ကျင့်ပေးခဲ့ပါတယ်။ အောင်မြင်မှုရရှိဖို့ဆိုရင် လေ့ကျင့်မှုဟာ အဓိကကျပါတယ်။ လေ့ကျင့်မှုကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှုရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်ဆိုတဲ့ ဆောင်ပုဒ်အတိုင်းလေ့ကျင့်သားပြည့်ဝခဲ့တဲ့အတွက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေနဲ့ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ၂၀ အပါအဝင် ဆုတံဆိပ်၅၉ခုကိုအားကစားကဏ္ဍအနေနဲ့ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

**ညီညီလင်းထက် (ရေကူးအားကစား၊ ရွှေတံဆိပ်လေးခု)**

ကျွန်တော်က ရေကူးအားကစားနည်းဖြစ်တဲ့ မီတာ ၂၀၀၊ မီတာ ၁၀၀၊ မီတာ ၅၀ အလွတ်ကူးနဲ့ မီတာ ၅၀ ရင်ပေါင်



တန်းကူးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်လေးခု ရရှိခဲ့ပါတယ်။ ပြိုင်ပွဲအတွက် နည်းပြများရဲ့ သင်ကြားမှုကို စနစ်တကျလိုက်နာဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် အောင်မြင်မှုရရှိခဲ့တာပါ။ အဓိက ယှဉ်ပြိုင်ရတာက ထိုင်းနိုင်ငံပါ။ အိမ်ရှင်နိုင်ငံကိုကျော်ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့တဲ့အပေါ် နိုင်ငံအတွက် ဖော်မပြနိုင်အောင် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆက်လက်ကျင်းပမယ့် ပြိုင်ပွဲများမှာလည်း နိုင်ငံ့ဂုဏ်ဆောင်ဆုတွေဆွတ်ခူးနိုင်အောင် ဆက်လက်ကြိုးစားသွားဖို့ အသင့်ရှိနေပါတယ်။

**ဝေယံမင်း (ဘောလုံးအားကစား၊ ငွေတံဆိပ်ဆု)**

ကျွန်တော်က ခုနစ်ဦးတစ်ဖွဲ့ယှဉ်ပြိုင်ရတဲ့ ဘောလုံးပြိုင်ပွဲမှာ ငါးသင်းပတ်လည်



အုပ်စုပြိုင်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ဖိုင်နယ်ကိုရောက်ခဲ့တယ်။ ဗိုလ်လုပွဲမှာ အိမ်ရှင်ထိုင်းနိုင်ငံကို ၁ ဂိုး ဂိုးမရှိနဲ့ရှုံးခဲ့တာကြောင့် ဒုတိယဆုငွေတံဆိပ်ရခဲ့ပါတယ်။ ပြိုင်ပွဲမှာသင်ခန်းစာအနေနဲ့ ပြိုင်ဘက်ကို အထင်မသေးဖို့၊ အခုထက်ပိုပြီး အားကြိုးမာန်တက် ကစားသွားဖို့လိုပါတယ်။ ရွှေတံဆိပ်မရခဲ့ပေမယ့် နိုင်ငံအတွက် ဒုတိယဆုကို ဆွတ်ခူးပေးနိုင်ခဲ့မှုအတွက် အသင်းအားလုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**အောင်မြင့်မြတ် (ရေကူးအားကစား၊ ရွှေတံဆိပ်ဆု)**

ကျွန်တော်ကရေကူးပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့တာပါ။ မီတာ ၂၀၀ အလွတ်ကူးမှာ ကြေးတစ်ခု၊ မီတာ ၁၀၀ အလွတ်ကူးမှာ



ကြေးတစ်ခု၊ ပက်လက်မီတာ ၅၀ မှာ ရွှေတစ်ခုရရှိခဲ့ပါတယ်။ ယခုလို အောင်မြင်မှုရရှိအောင် မသန်စွမ်းအားကစားအဖွဲ့ချုပ်မှာ ရှစ်လနီးပါး လေ့ကျင့်ခဲ့ပါတယ်။ အထူးသဖြင့် ပြိုင်ပွဲအတွက် ထွက်ခွာစဉ်မှာ ကတိပေးခဲ့တဲ့အတိုင်း ရွှေတံဆိပ်ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ အဓိကအိမ်ရှင်နိုင်ငံ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့ကို ကျော်ဖြတ်ဖို့မလွယ်ပေမယ့် နိုင်ငံအတွက် ရွှေကိုရမယ်ဆိုတဲ့စိတ်နဲ့ အားသွန်ခွန်စိုက်ကြိုးစားခဲ့တဲ့အတွက် ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ကျေနပ်လားဆိုတော့ ရွှေအားလုံးမရတဲ့အတွက် ကျေနပ်မှုမရှိပါဘူး။ ဒါပေမဲ့ ထပ်ပြီးကြိုးစားသွားရမယ်ဆိုတဲ့ စိတ်ခွန်အားတွေတော့ ရရှိခဲ့ပါတယ်။ နည်းစနစ်ပိုင်းဆိုင်ရာ အခုထက်ပိုမို လေ့ကျင့်ဆောင်ရွက်သွားမယ်လို့လည်း ဆုံးဖြတ်ထားပါတယ်။ နိုင်ငံတော်က မနှစ်ကလိုပဲ ထိုက်တန်စွာဆုချီးမြှင့်မယ်လို့ သိထားရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

**စည်သူထက် (ပြေးခုန်ပစ်၊ ရွှေတံဆိပ်ဆု)**

ကျွန်တော်ကပြေးခုန်ပစ်အားကစားနည်းဖြစ်တဲ့ လှံတံပစ်မှာရွှေရခဲ့ပြီး သံလုံးပစ်မှာ ငွေရခဲ့ပါတယ်။ ပြိုင်ပွဲအတွက် နှစ်နှစ် ကြိုးကြိုးစားစားလေ့ကျင့်ခဲ့တဲ့အတွက် ကျွန်တော့်ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒကိုရရှိခဲ့တာကြောင့် ဖော်မပြတတ်အောင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ကို အဘက်ဘက်က ကူညီပေးခဲ့ကြသူ အားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ လေဆိပ်မှာ အဖွဲ့ကို



ဆုချီးမြှင့်ပေးတဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ရန်လင်းအောင် (ထိုင်လျက်မသန်စွမ်းဘော်လီဘော၊ ရွှေတံဆိပ်ဆု)**

ကျွန်တော်တို့ရွှေရဖို့ အမာခံနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို ကျော်ဖြတ်ပြီးမှ ထိုက်ထိုက်တန်တန်



ရွှေတံဆိပ်ရခဲ့တာပါ။ ကျွန်တော်တို့အသင်း ရွှေနဲ့ကင်းကွာနေတာကြာပါပြီ။ အခုလို အိမ်ရှင်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို ကျော်ဖြတ်နိုင်ခဲ့တယ်ဆိုတဲ့စိတ်ဟာ ဘာနဲ့မှ မတူတဲ့ ကြည်နူးဝမ်းသာမှုပါ။ အခုထက်ပိုပြီး ကြိုးစားသွားမှာပါ။ နောက်နှစ်ပြိုင်ပွဲတွေမှာလည်း လက်ရှိချန်ပီယံကို ဆက်လက် ကာကွယ်သွားမယ်လို့ ဆုံးဖြတ်ထားကြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အားပေးခဲ့ကြတဲ့ မြန်မာနိုင်ငံက ပရိသတ်များကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။

**ဇော်မိုးအောင် (ထိုင်လျက်မသန်စွမ်းဘော်လီဘော၊ ရွှေတံဆိပ်ဆု)**

ကျွန်တော်ယှဉ်ပြိုင်လာတဲ့ ပြိုင်ပွဲတွေထဲမှာ အခုပြိုင်ပွဲဟာ ကျွန်တော့်ဘဝမှာ အပျော်ဆုံးပါ။ ထိုက်ထိုက်တန်တန်နဲ့ ရရှိခဲ့တာကြောင့်မို့ပါ။ ပြိုင်ပွဲအတွက် အုပ်ချုပ်သူနဲ့ နည်းပြဆရာတွေ လမ်းညွှန်မှုအတိုင်း ယှဉ်ပြိုင်ခဲ့တာဖြစ်တဲ့အတွက် အခုလို အကောင်းဆုံးနိုင်ငံတွေကိုကျော်ဖြတ်ပြီး နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့တာပါ။ ၁၉၉၀ ပြည့်နှစ်ကတည်းက ပျောက်ကွယ်နေတဲ့ရွှေကို ၂၀၂၆ ခုနှစ်မှာ ပြန်လည်ရရှိခဲ့တဲ့အတွက်



ထိုင်လျက်ဘော်လီဘောအားကစားသမားတစ်ဦးအနေနဲ့ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် ၂၀၁၁ ခုနှစ် မလေးရှားနိုင်ငံပြိုင်ပွဲတွင် ရွှေ ၃၆ ခု၊ ၂၀၁၃ ခုနှစ်တွင် ရွှေ ၂၄ ခု၊ ၂၀၁၅ ခုနှစ်တွင် ရွှေ ၂၉ ခု၊ ၂၀၁၈ ခုနှစ်တွင် ရွှေ ၁၂ ခု၊ ၂၀၁၉ ခုနှစ်တွင် ရွှေရှစ်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် (၆)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေ ၁၁ ခု၊ ၂၀၁၄ ခုနှစ်၊ နေပြည်တော်တွင် (၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေ ၃၄ ခု၊ ၂၀၁၅ ခုနှစ်တွင် ရွှေ ၁၆ ခု၊ ၂၀၁၇ ခုနှစ်တွင် ရွှေ ၁၁ ခု၊ (၁၀)ကြိမ်မြောက်တွင်ပြိုင်ပွဲဝင်ရောက်မှုမရှိခဲ့ဘဲ (၁၁)ကြိမ်မြောက်ဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် ရွှေ ၁၄ ခု၊ ၂၀၂၃ ခုနှစ်တွင် ရွှေ ၁၅ ခုနှင့် ယခုယှဉ်ပြိုင်ခဲ့သည့် ၂၀၂၆ ခုနှစ် (၁၃) ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေ ၂၀ ခုတို့ကို နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များအဖြစ် တပ်မတော်၏ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်အတွက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အားကစားသမားများက စွမ်းဆောင်မြှင့်တင်ပေးခဲ့ကြသည်။

# မြန်မာ့ပင်လယ်ပြင်ကို စောင့်ရှောက်ကာကွယ်မည့် အဏ္ဏဝါစစ်သည်တို့၏စကားသံများ

တပ်မတော်(ရေ)အနေဖြင့် ရေကြောင်းစွမ်းအားအခြေခံကျသည့် တပ်မတော်(ရေ)၏ ပုံစံတာဝန်ကျအရာရှိများ၊ စစ်ရေယာဉ်မှူးများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ရေယာဉ်ကိုင်တွယ်မောင်းနှင်ရေးလုပ်ငန်းများ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများတွင် အရည်အချင်းပြည့်ဝသော ရေကြောင်းအင်ဂျင်နီယာအရာရှိများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၇ ရက်တွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ကျင်းပရာ မြန်မာ့ပင်လယ်ပြင်ကို စောင့်ရှောက်ကာကွယ်ကြမည့် အဏ္ဏဝါစစ်သည်တို့၏စကားသံများကို ဖော်ပြလိုက်ပါသည်။



ဗိုလ်မင်းသွေးခန့်
(အကောင်းဆုံးကျောင်းသားဆု)



ဗိုလ်ဇော်ဖြိုးအောင်
(ရေကြောင်းပညာစာပေထူးချွန်ဆု)



ဗိုလ်ကောင်းထက်ဝေ
(အကောင်းဆုံးကျောင်းသားဆု)



ဗိုလ်သူရိန်မြင့်အောင်
(ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆု)

**ဗိုလ်မင်းသွေးခန့်**
**(အကောင်းဆုံးကျောင်းသားဆု)**

ကျွန်တော်က ဗိုလ်မင်းသွေးခန့်ဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ဆုက အကောင်းဆုံးကျောင်းသားဆုဖြစ်ပါတယ်။ သင်တန်းအမည်က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၅)ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ သင်တန်းကာလအတွင်း သင်ကြားပေးတဲ့ပညာရပ်တွေကို စာတွေ့၊ လက်တွေ့ နေ့စဉ်မပြတ်အပတ်တကုတ် လေ့လာလေ့ကျင့်ခဲ့ပါတယ်။ ဒါ့ပြင် မရှင်းလင်းတဲ့သင်ခန်းစာတွေကို နည်းပြတွေထံ အကြိမ်ကြိမ်မေးမြန်းပြီး ကြိုးစားလေ့လာခဲ့ပါတယ်။ သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့တွေမှာ ကြိုးစားဆောင်ရွက်ခဲ့ရသလို ခန္ဓာကိုယ်ကြံ့ခိုင်မှုလေ့ကျင့်ခန်းတွေနဲ့ စစ်စည်းကမ်းကောင်းမွန်အောင်လည်း လေ့ကျင့်ဆောင်ရွက်ခဲ့တဲ့အတွက် အကောင်းဆုံးကျောင်းသားဆုကို ရရှိခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံတော်နဲ့တပ်မတော်(ရေ) အတွက် အားထားရတဲ့အရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားအားထုတ်သွားမယ်လို့ ပြောကြားလိုပါတယ်။

**ဗိုလ်ဇော်ဖြိုးအောင်**
**(ရေကြောင်းပညာစာပေထူးချွန်ဆု)**

ကျွန်တော်က ဗိုလ်ဇော်ဖြိုးအောင်ဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ဆုက ရေကြောင်းပညာ စာပေထူးချွန်ဆုဖြစ်ပါတယ်။ သင်တန်းအမည်က တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၅)ဖြစ်ပါတယ်။

သင်တန်းကာလအတွင်း စာပေဘာသာရပ်အပြင် အရာရှိတိုင်း ရေကူးတတ်မြောက်စေဖို့ ရေကူးအဆင့်(A) ရအောင် သင်ကြားလေ့ကျင့်ခဲ့ရပါတယ်။ ရေယာဉ်ကိုင်တွယ်မောင်းနှင်မှု တတ်မြောက်စေရေးအတွက် ရေယာဉ်ငယ်တွေကိုလည်း လက်တွေ့မောင်းနှင်လေ့ကျင့်ခဲ့ရပါတယ်။

သင်တန်းကာလအတွင်းမှာ သင်ကြားပေးတဲ့ပညာရပ်တွေကို စာတွေ့၊ လက်တွေ့ နေ့စဉ်မပြတ် အပတ်တကုတ် လေ့လာလေ့ကျင့်ခဲ့ပါတယ်။ နေ့စဉ်စာဖတ်ချိန်သတ်မှတ်ပြီး မပျက်မကွက်လေ့လာဖတ်ရှုခဲ့ရပါတယ်။

သင်တန်းကာလအတွင်းမှာ တွေ့ကြုံရတာတွေက အများကြီးပါ။ အထူးသဖြင့် ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်းသွားရောက်လေ့ကျင့်မှုကတော့ ပိုပြီးထူးခြားပါတယ်။ ဘာကြောင့်လဲဆိုရင် စစ်ရေယာဉ်တွေရဲ့ သဘောသဘာဝ၊ ပင်လယ်ပြင်ရဲ့အခြေအနေနဲ့ ရာသီဥတုရဲ့သဘောသဘာဝတွေကို နားလည်သဘောပေါက်ခွင့်ရတဲ့အတွက် အကျိုးရှိတဲ့ လေ့ကျင့်ရေးခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။

**ဗိုလ်ကောင်းထက်ဝေ**
**(အကောင်းဆုံးကျောင်းသားဆု)**

ကျွန်တော်က ဗိုလ်ကောင်းထက်ဝေဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ဆုက အကောင်းဆုံးကျောင်းသားဆု ဖြစ်ပါတယ်။ သင်တန်းအမည်က တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ် (၅၉) ဖြစ်ပါတယ်။

သင်တန်းကာလအတွင်း သင်ကြားပေးတဲ့ပညာရပ်တွေကို စာတွေ့အပြင် လက်တွေ့လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ်လေ့လာခဲ့ပါတယ်။ မရှင်းလင်းတဲ့သင်ခန်းစာတွေကိုလည်း နည်းပြအရာရှိတွေ၊ လုပ်သက်ရင့်ဆရာတွေနဲ့ အပြန်အလှန်ဆွေးနွေးပြီး လက်တွေ့လုပ်ဆောင်မှုတွေကိုလည်း ထပ်ခါထပ်ခါနားလည်အောင် လေ့ကျင့်ခဲ့ပါတယ်။

သင်တန်းတက်ရောက်နေတဲ့ကာလအတွင်းမှာ စာတွေ့၊ လက်တွေ့သင်ခန်းစာတွေအပြင် ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် မနက်ခင်း PT လေ့ကျင့်ခန်းတွေ၊ ရေကူးလေ့ကျင့်ခန်းတွေကိုလည်း ကောင်းစွာလေ့ကျင့်ခဲ့ပါတယ်။ ဒါ့ပြင် လှေလှော်ရွက်တိုက်လေ့ကျင့်ခန်းတွေကိုလည်း လေ့ကျင့်ခဲ့ပါတယ်။ စည်းကမ်းပိုင်းအရလည်း ရေတပ်လေ့ကျင့်ရေးဌာနချုပ်က ချမှတ်ထားတဲ့စည်းကမ်းတွေအပြင် သင်တန်းဆိုင်ရာစည်းကမ်းတွေကိုလည်း အလေးထား လိုက်နာကျင့်ကြံ နေထိုင်ခဲ့တဲ့အတွက် အကောင်းဆုံးကျောင်းသားဆုကိုရရှိခဲ့ပါတယ်။

**ဗိုလ်သူရိန်မြင့်အောင်**
**(ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆု)**

ကျွန်တော်က ဗိုလ်သူရိန်မြင့်အောင်ဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ဆုက ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုဖြစ်ပါတယ်။

သင်တန်းအမည်က တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ် (၅၉) ဖြစ်ပါတယ်။ ကျွန်တော်တို့ သင်တန်းကာလအတွင်း စာပေဘာသာရပ်အပြင် အရာရှိတိုင်း ရေကူးတတ်မြောက်စေဖို့ ရေကူးအဆင့်(A) ရအောင် သင်ကြားလေ့ကျင့်ခဲ့ရပါတယ်။ ဒါ့ပြင် အရာရှိတိုင်း လှေလှော်ရွက်တိုက်တတ်စေဖို့ အင်းလျားကန်မှာ သွားရောက်လေ့ကျင့်ခဲ့ရပါတယ်။

သင်တန်းကာလအတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းတွေ သွားရောက်ရာမှာ ပြည်တွင်းခရီးစဉ်အနေနဲ့ တပ်မတော်(ရေ)ရှိ ကျွန်းစခန်းတွေကို လေ့လာခွင့်ရရှိခဲ့ပါသည်။ တပ်မတော်(ရေ)အတွက် အားထားရတဲ့ စက်မှုလက်မှုအရာရှိကောင်းတစ်ဦးဖြစ်အောင် ဆက်လက်ပြီး ကြိုးစားအားထုတ်သွားပါမယ်။



ဗိုလ် ဒေါ်လပြည့်ဝင်း
(အကောင်းဆုံးကျောင်းသားဆု)



ဗိုလ် ဒေါ်ချစ်မေဇင်
(ရေကြောင်းပညာစာပေထူးချွန်ဆု)

**ဗိုလ် ဒေါ်လပြည့်ဝင်း**
**(အကောင်းဆုံးကျောင်းသားဆု)**

ကျွန်မက ဗိုလ်ဒေါ်လပြည့်ဝင်းဖြစ်ပါတယ်။ ကျွန်မရရှိတဲ့ဆုက အကောင်းဆုံးကျောင်းသားဆုဖြစ်ပါတယ်။ သင်တန်းအမည်က တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀)ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ သင်တန်းကာလအတွင်း သင်ကြားပေးတဲ့ပညာရပ်တွေကို စာတွေ့၊ လက်တွေ့ နေ့စဉ်မပြတ် အပတ်တကုတ် လေ့လာလေ့ကျင့်ခဲ့ပါတယ်။ ဒါ့ပြင် မရှင်းလင်းတဲ့သင်ခန်းစာတွေကို နည်းပြတွေထံ အကြိမ်ကြိမ်မေးမြန်းပြီး ကြိုးစားလေ့လာခဲ့ပါတယ်။ အထူးသဖြင့် ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်း သွားရောက်လေ့ကျင့်မှုက ပိုပြီးထူးခြားပါတယ်။ ခရီးစဉ်အတွင်း၊ သင်တန်းခန်းမအတွင်း သင်ကြားခဲ့တဲ့ဘာသာရပ်တွေကို စာတွေ့နဲ့လက်တွေ့ ပေါင်းစပ်လေ့ကျင့်နိုင်တဲ့အပြင် စစ်ရေယာဉ်တွေရဲ့သဘောသဘာဝ၊ ပင်လယ်ပြင်ရဲ့အခြေအနေနဲ့ ရာသီဥတုသဘောသဘာဝတွေကို နားလည်သဘောပေါက်ခွင့်ရရှိခဲ့တဲ့အတွက် အကျိုးရှိတဲ့ ပင်လယ်ပြင်လေ့ကျင့်ခန်းခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။

နိုင်ငံတော်နဲ့ တပ်မတော်(ရေ)အတွက် အားထားရတဲ့ အမျိုးသမီးအရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားအားထုတ်သွားမယ်လို့ ပြောကြားလိုပါတယ်။

**ဗိုလ် ဒေါ်ချစ်မေဇင်**
**(ရေကြောင်းပညာစာပေထူးချွန်ဆု)**

ကျွန်မက ဗိုလ်ဒေါ်ချစ်မေဇင်ဖြစ်ပါတယ်။ ကျွန်မရရှိတဲ့ဆုက ရေကြောင်းပညာ စာပေထူးချွန်ဆုဖြစ်ပါတယ်။ သင်တန်းအမည်က တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀)ဖြစ်ပါတယ်။

ကျွန်မတို့ သင်တန်းကာလအတွင်း စာပေဘာသာရပ်အပြင် အရာရှိတိုင်း ရေကူးတတ်မြောက်စေဖို့ ရေကူးအဆင့် (A) ရအောင် သင်ကြားလေ့ကျင့်ခဲ့ပါတယ်။ ရေယာဉ်ကိုင်တွယ်မောင်းနှင်မှု တတ်မြောက်စေရေးအတွက် ရေယာဉ်ငယ်တွေကိုလည်း လက်တွေ့မောင်းနှင်လေ့ကျင့်ခဲ့ရပါတယ်။

သင်တန်းကာလအတွင်း ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်ခန်းသွားရောက်လေ့ကျင့်မှုက ပိုပြီးထူးခြားပါတယ်။ ခရီးစဉ်အတွင်း လက်နက်နဲ့လက်နက်စနစ်တွေ လေ့ကျင့်ပစ်ခတ်တာ၊ နောက်ဆုံးပေါ်နည်းပညာတွေ အသုံးပြုပြီး ရန်သူကို ရှာဖွေထောက်လှမ်းတာ၊ ရေပေါ်၊ ရေအောက်၊ ဝေဟင်နဲ့အီလက်ထရောနစ် စစ်ဆင်ရေးတွေကို အရင်ကထက် ပိုမိုဆင်နွှဲနိုင်ဖို့ ပိုမိုတိုးတက်ကောင်းမွန်တဲ့ အာရုံခံစနစ်တွေ၊ လက်နက်စနစ်တွေနဲ့ အသုံးချ ရှာဖွေပစ်ခတ်တိုက်ခိုက်နိုင်တဲ့ စွမ်းရည်တွေကိုလည်း မျက်မြင်ကိုယ်တွေ့ နားလည်သဘောပေါက်ခဲ့ရပါတယ်။

နိုင်ငံတော်နဲ့ တပ်မတော်(ရေ)အတွက် အားထားရတဲ့ အမျိုးသမီးအရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားအားထုတ်သွားမယ်လို့ ပြောကြားလိုပါတယ်။

ရန်ကုန်သတင်းအဖွဲ့

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ သတ္တုကျိုချက်သန့်စင်စမ်းသပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက အခြေခံကုန်ကြမ်းရရှိမှု၊ ကျိုချက်ရေးပစ္စည်းများနှင့် လုပ်ငန်းစဉ်များ၊ ထွက်ရှိလာသောထုတ်ကုန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ္တုကုန်ကြမ်းများမှ တန်ဖိုးမြှင့်ကုန်ချောထုတ်ကုန်များရရှိအောင်ပြည်တွင်း၌ စမ်းသပ်ထုတ်လုပ်နေမှုကို အထူးအားပေးကြောင်း၊ လိုအပ်သော နည်းပညာနှင့်ခေတ်ခွဲစမ်းသပ်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ပြီး ယခုစမ်းသပ် လည်ပတ်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကျိုချက်သန့်စင်မှုလုပ်ငန်းအဆင့်ဆင့်ကိုလည်း ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်နှင့်အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားကာ စမ်းသပ်စက်ရုံအတွင်း ဆောင်ရွက်နေသော လုပ်ငန်းအဆင့်ဆင့်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ စက်မှုဇုန်ရှိ သတ္တုသန့်စင်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တာချီလိတ်မြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ခံများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသနိုင်ငံများတွင် နှစ်စဉ် Fire Hotspots ၁၆၀၀၀၀ ခန့် ဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ထိုင်းနိုင်ငံမြောက်ပိုင်း၊ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် လာအိုနိုင်ငံတို့တွင် အဓိကဖြစ်ပေါ်လေ့ရှိသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ Fire Hotspots နှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများ မရှိစေရေးအတွက် ဒေသခံများအား၊ အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများကို ဆက်စပ်ဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရလဒ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၂၄ ခုနှစ်တွင် Fire Hotspots ၄၈၇၆ ခု ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၃၄၀၂ ခု ဖြစ်ပေါ်ခဲ့သဖြင့် ၃၀ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ကြောင်း၊ အလားတူ တာချီလိတ်ခရိုင်၌ ၂၀၂၄ ခုနှစ်တွင် ၁၀၄၉ ခု ဖြစ်ပေါ်ခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၄၂၅ ခုသာ ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၉ ရာခိုင်နှုန်းအထိ လျော့နည်းသွားသည်ကိုတွေ့ရှိရသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်တစ်ခုပင် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်၊ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ တာချီလိတ်မြို့၏ လေထုအရည်အသွေးတိုင်းတာနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားနှင့် ညစာစားပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၂၀၂၃ ဖြင့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းစွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) မှ ဒုတိယဥက္ကဋ္ဌ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲတွင် စီမံကိန်းတာဝန်ရှိသူများ၊ ပြည်တွင်းပညာရှင်များနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ပါဝင်သောစက်ရုံများမှ ကိုယ်စားလှယ်များအနေဖြင့် စီမံကိန်း၏ရလဒ်များ၊ တန်ဖိုးရှိသည့်အတွေ့အကြုံများနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများလက်တွေ့အကောင်အထည်ဖော်ခြင်းမှ ရရှိခဲ့သည့် သင်ခန်းစာများကို မျှဝေကြမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည်စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ထင်ရှားစွာပြသနိုင်သည့် အရေးပါသောရှေ့ပြေးစီမံကိန်း (pilot initiative)တစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းမှရရှိခဲ့သည့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာများနှင့်အပြုသဘောဆောင်သော ရလဒ်များကို အကျိုးရှိစွာဖြင့် အခြားစက်ရုံများတွင် အလားတူ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်သွားနိုင်ပါက စက်မှုကဏ္ဍ၏ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာမှုနှင့်မဲခေါင်ဒေသအတွင်း ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်နိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများတွင် ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏စားသောက်ကုန်ကဏ္ဍ စွမ်းအင်ထိရောက်မှုအတွက် ကောင်းမွန်သည့် ရလဒ်များကိုဆက်လက်ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်း ညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ လာအိုဒီမိုကရက်တစ်နိုင်ငံမှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းအောင်မြင်မှုရလဒ်များကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်း၌ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင်စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်ဖြင့် . . .

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံ၏ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းအရ တပ်မတော်သည် နိုင်ငံတော်အား လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို ရရှိထားသော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင်လည်း ယနေ့တိုင် စောင့်ရှောက်ကာကွယ်လျက်ရှိသည်။ ကာကွယ်ရေးမောင်းနှင်အား အမြဲရှင်သန်နေပါလျှင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည်လည်း တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။

ကာကွယ်ရေးမောင်းနှင်အားဆိုသည်မှာ အခိုက်အတန့်တစ်ခုအတွင်းသာ ရှင်သန်နေခြင်းမျိုးမဟုတ်ပေ။ လူသားမျိုးနွယ်အဆက်ဆက်တို့ လက်ဆင့်ကမ်းထမ်းဆောင်နေရမည့် တာဝန်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၃၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တပ်မတော်အနေဖြင့် နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် ဦးစီးဦးဆောင်ပြုဆောင်ရွက်လျက်ရှိသည်။ တပ်မတော်ဆိုသည်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေးတပ်ပေါင်းစုဖြစ်သည်။ ပူးပေါင်းစစ်ဆင်ရေးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ကို အပြည့်အဝကာကွယ်နိုင်ကြရမည်ဖြစ်သည်။ ထိုသို့ကာကွယ်ပေးနိုင်ရန်အတွက် လေ့ကျင့်ရေးသည် အဓိကဖြစ်သည်။ တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်တွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူ၍ရှိပေရာ အဆိုပါ လုပ်ငန်းကြီးသုံးရပ်ဆောင်ရွက်နိုင်ရေးအတွက်လေ့ကျင့်သားပြည့်ဝနေရန် လိုပေသည်။

ထိုသို့လေ့ကျင့်သားပြည့်ဝနေစေရန် တပ်မတော်သားတို့ အစဉ်တစိုက်ကြိုးစားဆောင်ရွက်လျက်ရှိပေရာ သင်တန်းများတက်ရောက်ခြင်း၊ သင်တန်းပြီးမြောက်ခြင်းတို့ဖြင့် စစ်စွမ်းအင်၊ စစ်စွမ်းအားကြီးမားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြသည်။ တပ်မတော်(ရေ)အနေဖြင့်လည်း တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသည့် အသင့်ဖြစ်မှု(၃)ရပ်နှင့် ပြည့်စုံအောင် ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် အလေးအနက်ထားဆောင်ရွက်လျက်ရှိရာ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဗဟုသုတတိုးတက်ရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံအရှိန်အဟုန်မြှင့်တင်လျက်ရှိသည်။ အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီး အရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ် ဟန်ချက်ညီတိုးတက်စေရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။



**ယခုအခါ တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀)တို့သည်သင်တန်း အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည်။** အဆိုပါအရာရှိငယ်များမှာ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ စာပေပညာ၊ စစ်ပညာများ သင်ယူတတ်မြောက်ခဲ့ကြပြီး ရေတပ်ဆိုင်ရာအခြေခံပညာရပ်များကို ဆက်လက်သင်ယူကြရခြင်းဖြစ်ရာ သင်တန်းကာလအတွင်း နိုင်ငံတကာရေတပ်စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့် လက်နက်စနစ်ပညာရပ်များ၊ ရေတပ်ဆက်သွယ်ရေးနှင့်အီလက်ထရောနစ်ပညာရပ်များ၊ ရေတပ်စစ်ဆင်မှုပညာရပ်များ၊ ရေတပ်အုပ်ချုပ်ထောက်ပံ့မှုပညာရပ်များ၊ ရေကြောင်းစက်မှုလက်မှုပညာရပ်များ၊ ရေကြောင်းလျှပ်စစ်ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့် ရေယာဉ်တည်ဆောက်မှုပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြပြီးဖြစ်သည်။

ဆက်လက်၍ စစ်ရေယာဉ်ကြီးများတွင် တွဲဖက်ပဲ့စင်တာဝန်ကျအရာရှိနှင့် တွဲဖက်စက်မှုလက်မှု တာဝန်ကျအရာရှိများအဖြစ် လက်တွေ့လုပ်ငန်းခွင်တွင် ထပ်မံလေ့လာဆည်းပူးကြရမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင်လက်တွေ့လေ့ကျင့်မှုများ ပြီးဆုံးသွားသည့်အခါ အရည်အချင်းပြည့်မီသူများကိုသာ စစ်ရေယာဉ်များတွင် တာဝန်ပေးသွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထိုက်သင့်သည့်ပညာရပ်များဖြင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာပညာရပ်များကို ထပ်မံတက်ရောက်သင်ကြားကြရမည်ဖြစ်သည်။

တပ်မတော်(ရေ)ဆိုသည်မှာလည်း နိုင်ငံအတွက်အစဉ်အလာကြီးမားသည့် သမိုင်းကြောင်းရှိထားပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ရန်ကုန်အစိုးရဟု အထင်သေးခံနေရချိန်တွင် မြစ်ဝကျွန်းပေါ်ဒေသတိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ ရှုပ်ရှုပ်ချုံချုံပါဝင်ဆင်နွှဲခဲ့သည်။ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအပြင် တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊ ရေသဘက်အမည်တွင်သော ဘီးတပ်အမြောက်များသည် အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကို ရိုက်ချိုးနိုင်ခဲ့သည်။ စစ်ရေယာဉ်(မေယု)မှ အမြောက်ကြီး၏ တိကျထိရောက်သောပစ်ကူပေးမှုသည် နာမည်ကျော်ခဲ့သည်။ အင်းစိန်၊ သန်လျင်ကျိုက်ခေါက်၊ ပုသိမ်၊ ကျောက်ဖြူနှင့် မော်လမြိုင်တိုက်ပွဲတို့တွင် သောင်းကျန်းသူများအား ကြောက်ရွံ့တုန်လှုပ်စေခဲ့သည့် သမိုင်းကောင်းများစွာရှိသည်။

အဆိုပါသမိုင်းကောင်းများ အမြဲတမ်းရှင်သန်နေစေရန် စစ်ရေယာဉ်နှင့် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုနိုင်ရေးအတွက် အမြဲမပြတ်လေ့ကျင့်နေရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ရေ)အနေဖြင့် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။ လေ့ကျင့်ရေးသည် စစ်ဆင်ရေးအောင်မြင်မှုအတွက် အခြေခံမဏ္ဍိုင်ဖြစ်သည်။ တပ်မတော်(ရေ)သည် ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းမိုင်ပေါင်း ၁၄၀၀၀၀ ကျော်ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်လျက်ရှိပြီး ယခုအခါ ဒေသတွင်းရေတပ်များက ခုံညားလေးစားပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် တပ်မတော်(ရေ)အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ရရှိထားသောအရှိန်အဟုန် ပိုမိုမြင့်မားစေရေးအတွက် နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆောင်ပုဒ်အတိုင်း အစဉ်သတိပြုဆောင်ရွက်နေကြရမည်ဖြစ်သည်။ သင်တန်းမှပို့ချပေးသော သင်ခန်းစာများ၊ ပြင်ပမှလေ့လာရရှိသော ဗဟုသုတများဖြင့် ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးခြင်းများကို လုပ်ဆောင်နေကြရမည်ဖြစ်သည်။ စစ်သည်တော်တစ်ဦးချင်းစီက အရည်အချင်းပြည့်ဝနေအောင် ကြိုးစားခြင်းဖြင့် တပ်မတော်(ရေ)၏ အောင်မြင်တိုးတက်မှုများ ဆက်လက်ထိန်းသိမ်းထားရမည့်အပြင် ပိုမိုတိုးတက်သော အောင်မြင်မှုများရရှိရေးအတွက် လေ့လာခြင်း၊ လေ့ကျင့်ခြင်း၊ လိုက်နာခြင်းပြုနေကြရမည်ဖြစ်သည်။

> ◆ ***တပ်မတော်(ရေ)အနေဖြင့် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍနှင့် စာနာအကူအညီပေးရေးကဏ္ဍဟူသည့် ကဏ္ဍကြီး(၄)ရပ်ကို စနစ်တကျဖြင့် ထိရောက်အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်နှင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အဓိကတာဝန်အဖြစ် ထမ်းဆောင်နေပြီး သမားရိုးကျစစ်ဆင်ရေး၊ သောင်းကျန်းသူနှိမ်နင်းရေး၊ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိသည်။***

တပ်မတော်(ရေ)အနေဖြင့် **"နိုင်ငံတော်အား ရှေ့တန်းကျကျကာကွယ်နိုင်ရမည်၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်၊ (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်"** ဆိုသည့်ရည်မှန်းချက်တာဝန်များထားရှိကာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်လျက်ရှိသည်။ ထိုသို့ တည်ဆောက်ရာတွင် တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် အားကိုးအားထားပြုနိုင်သည့် တပ်မတော်(ရေ)အဖြစ် ရပ်တည်နိုင်ရမည်ဖြစ်သည်။

**တပ်မတော်(ရေ)အနေဖြင့် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍနှင့် စာနာအကူအညီပေးရေးကဏ္ဍဟူသည့် ကဏ္ဍကြီး(၄)ရပ်ကို စနစ်တကျဖြင့် ထိရောက်အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးဦးတည်ဆောင်ရွက်လျက်ရှိသည်။** မြန်မာ့ပင်လယ်ပြင်နှင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်အဖြစ် ထမ်းဆောင်နေပြီး သမားရိုးကျစစ်ဆင်ရေး၊ သောင်းကျန်းသူနှိမ်နင်းရေး၊ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်(ရေ)သည် ယခင်က ပင်လယ်ပြင်စစ်ဆင်ရေးများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သည့် ရေတပ်မှ ယခုအခါ သီးသန့်စီးပွားရေးဇုန်နှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးလှုပ်ရှားနိုင်သည့် ရေတပ်အဖြစ် တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့

**စာမျက်နှာ ၁၃ သို့ ➲**

⊃ စာမျက်နှာ ၁၂ မှအဆက်
အခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ် **"၂၁ ရာစုတွင် နိုင်ငံအများစုသည် သမားရိုးကျခြိမ်းခြောက်မှုများအပြင် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများဖြစ်သည့် ပင်လယ်ဓားပြမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုကူးမှုစသည့် ရေကြောင်းလုံခြုံရေးဆိုင်ရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေကြရကြောင်း၊ ထိုသို့ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် ရေတပ်ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ပိုင်နက်ပင်လယ်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းရိုးတန်းဒေသများနှင့် နိုင်ငံ၏ရေကြောင်းဆိုင်ရာအကျိုးစီးပွားများကို အပြည့်ပြည့်ဆိုင်ရာပင်လယ်ပြင်ဥပဒေများနှင့်အညီ အပြည့်အဝထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်ပြင်အတွင်းသာမဟုတ်ဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသည့်အတွက် တပ်မတော်(ရေ)အနေဖြင့် လွှမ်းခြုံကာကွယ်နိုင်ရမည်ဖြစ်သည်။ ထိုသို့ကာကွယ်ရာတွင် ရေတပ်တစ်ခုတည်းဖြင့်သာမကဘဲ ကြည်းတပ်၊ လေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့နှင့်ပေါင်းစပ်ပြီး ကာကွယ်ကြရမည်ဖြစ်သည်။ ရေကြောင်းစစ်ဆင်ရေးမှာ ဘက်စုံအသွင်ဆောင်သည့် သဘောသဘာဝရှိပြီး မျက်မှောက်ခေတ်ရေကြောင်းစစ်ဆင်ရေးကဏ္ဍကို ထိရောက်အောင်မြင်စွာ စစ်ဆင်နိုင်ရန် စစ်ရေယာဉ်မျိုးစုံပါဝင်ပြီး ခေတ်မီလက်နက်နှင့် လက်နက်စနစ်များ၊ အရည်အချင်းပြည့်ဝသည့် ရေတပ်မတော်သားများနှင့် ဟန်ချက်ညီညီပေါင်းစပ်စစ်ဆင်ရန်လိုအပ်သည့်အပြင် ကမ်းတက်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေး၊ ခြေလျင်အသွင်တိုက်ပွဲဝင်နိုင်ရေးတို့အတွက်ပါ အမြဲစုဖွဲ့လေ့ကျင့်ထားရမည်ဖြစ်သည်။

ယခုအခါ တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ် (၁၀)သင်တန်းဆင်းအရာရှိများအနေဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသော ယုံကြည်ချက်၊ ခံယူချက်ထားရှိကာ **"လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်ဖြင့်"** တပ်မတော်(ရေ)၏ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# မုဒုံမြို့၌ (၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**မုဒုံ ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် မုဒုံမြို့ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော် ဂေါပကအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ (၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို စေတီတော်ဘုရားဝင်းရှိ ထာဝရအနန္တမေတ္တာဓမ္မာရုံ၌ ဇန်နဝါရီလ ၂၇ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ဘုရားရှိခိုးကန်တော့ ဖွင့်လှစ်ပြီး ကန်ကြီးဆံတော်ရှင်စေတီတော် ဩဝါဒါစရိယ မုဒုံမြို့ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒန (လမင်းဆရာတော်)ထံမှ မုဒုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ပဋ္ဌာန်းကျမ်းတော် စာအုပ်များနှင့် ပဋ္ဌာန်းပရိတ်အောင်အိုးကို ဆရာတော်ကြီးထံ ဆက်ကပ်ပူဇော်၍ ပဋ္ဌာန်းအဖွင့် ပဋ္ဌာန်းအမွှန်းများ ရွတ်ဆိုပူဇော်ပြီး အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို စတင်ပူဇော်ကြသည်။

ယင်းနောက်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော်များကို တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ခြောက်ရက်တိုင်တိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ ဧက ၃၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၃၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၃၄၈၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ဧက ၃၅၂၈၀ စိုက်ပျိုးပြီးဖြစ်သောကြောင့် ၄၁၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါဆီထွက်သီးနှံစိုက်ပျိုးသည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားကျရောက်မှုကင်းစင်ရေးအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်ဆောင်းရာသီတွင် မြေပဲ ၁၄၂၄၅ ဧက၊ နှမ်း ၁၄၀၃၇ ဧက၊ ၁၂၃၁ ဧက၊ ပန်းနှမ်း ၅၃၁၅ ဧက၊ မုန်ညင်း ၃၅၇ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကိုစားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



## ရေပေါ်လှုပ်ရှား စစ်ကစားသူများ

✦ ရေပေါ်မှာ စဉ်လှုပ်ရှား
စစ်ကစားတဲ့ တပ်မတော်(ရေ)။
အစဉ်အလာသမိုင်းကောင်း
အောင်ကြောင်းတွေဝေ။
ရေပြင်ပိုင်နက်ကာကွယ်နေ
စစ်ရေယာဉ် တိုက်စွမ်းအား။
ရဲဝံ့ကာ စွန့်စားတဲ့
ပြည့်ဇာနည်များ။

✦ လှိုင်းကြီးလျှင် လှေအောက်
ရောက်ရမည့် ဓမ္မတာ။
တပ်မတော်(ရေ) စစ်သည်များ
အားကိုးဖွယ်ရာ။
"လေ့လာ လေ့ကျင့် လိုက်နာ"
စဉ်မြဲသာ တိုက်ပွဲဝင်အသင့်။
"လှေခွက်ချည်းကျန်အလံမလှဲ"
ရဲရဲရင့်ရင့်။

✦ လေ့ကျင့်ရေးသည် စစ်ဆင်ရေး
သင်ကြားပေးလို့ ရည်သွေးပင်
ဂုဏ်မြင့်စေချင်။
စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာပညာရှင်
ကျွမ်းကျင်ကာ တာဝန်ထမ်းရေး။
ကြည်း ရေ လေ တူယှဉ်တွဲလို့
အောင်ပွဲမြော်တွေး။

✦ "မြန်မာ့ပင်လယ် တို့ကာကွယ်" ဖို့
ကြိုးစားလို့ နေလျက်သာ။
စစ်ရေယာဉ် တည်ဆောက်ပြု
အောင်မြင်မှုပါ။
တပ်မတော်(ရေ)ရဲ့ အတတ်ပညာ
ပြည်မြန်မာ ဂုဏ်မြင့်မား။
လှိုင်းနှင့်လေ သက်သေထားလို့
အားမာန်ဝင့်ကြွား။

✦ မြန်မာ့ရေပြင် မြန်မာပိုင်စိုးဖို့
ကြိုးစားတဲ့ တပ်မတော်(ရေ)။
အခက်ကြုံ မဖြုံစတမ်း
အံ့မခန်းပေ။
အစဉ်အလာကောင်းတဲ့ တပ်မတော်(ရေ)
မျိုးဆက်တွေ အမွေပေး။
ရေတပ်ဆိုင်ရာ ပညာရပ်များ
တိုးပွားပြီလေး။

✦ တပ်မတော်မှာ မြဲသုံးမြဲ
ရဲသုံးရဲ နှင့် စစ်စွမ်းရည်။
ဒို့တာဝန် အရေးသုံးပါး
ဦးထိပ်ထားမည်။
ရေတပ်မတော်သားပီပီ
အားမာန်ချီ စိတ်ဓာတ်ကောင်း။
မြန်မာ့ရေပြင် ကာကွယ်ထားလို့
အားရပါကြောင်း။ ။

မန္တလာကိုကိုဝင်း

# အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ )၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များအား ထောက်ခံဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏မဟုတ်မမှန်စွပ်စွဲချက်များကို ကန့်ကွက်ရှုတ်ချပွဲကျင်းပ





အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ )၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များအား ထောက်ဆိုဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏မဟုတ်မမှန်စွပ်စွဲချက်များကို ကန့်ကွက်ရှုတ်ချပွဲကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသောအမှန်တရားအတွက် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များအား ထောက်ခံဂုဏ်ပြုပွဲနှင့်ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန်စွပ်စွဲချက်များကို ကန့်ကွက်ရှုတ်ချသည့် အမျိုးသားရေးဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့ ယာဉ်ရပ်နားကွင်း၌ပြုလုပ်ရာ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂမှ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ပြည်သူများ၊ နိုင်ငံရေးပါတီများမှပါတီဝင်များတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ ထို့နောက် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)မှ အထွေထွေအတွင်းရေးမှူး ဆရာတော် အရှင်သုစိတ္တက မေတ္တာတရားထွန်းကားရာ အမိမြန်မာနိုင်ငံကြီးသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းလုံးဝမရှိကြောင်း ဟောပြောသည်။ ယင်းနောက် တက်ရောက်လာကြသူများက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်တရားမျှတသောအမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့ အောင်မြင်ပါစေ"၊ "လူမျိုးသုဉ်းသတ်ဖြတ်သည်ဟုမဟုတ်မမှန်စွပ်စွဲနေကြသူများအား အလိုမရှိ"၊ "လူမျိုးသုဉ်းသတ်ဖြတ်သည်ဟု သက်သေခိုင်လုံခြင်းမရှိဘဲ စွပ်စွဲနေမှုများ ချက်ချင်းရပ်" စသည့် ကြွေးကြော်သံများ ကြွေးကြော်ကြပြီး အမျိုးသားရေးတက်ကြွလှုပ်ရှားသူတစ်ဦးက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် နိုင်ငံတကာဥပဒေများနှင့်အညီ တုံ့ပြန်ချေပရင်ဆိုင်ဖြေရှင်းနေသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ထောက်ခံအားပေးဂုဏ်ပြုကြောင်း ဟောပြောသည်။ ၎င်းနောက် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)နှင့်အမျိုးသားရေးညီအစ်ကိုမောင်နှမများ (ရန်ကုန်)၏သဘောထားထုတ်ပြန်ချက်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်အမျိုးသားရေးတက်ကြွလှုပ်ရှားသူတစ်ဦးက ဖတ်ကြားပြီး တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကိုသံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအားအလေးပြုကြကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာနိုင်ငံအတွက် ခုခံချေပလျှောက်လဲလျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံ



**မော်လမြိုင် ဇန်နဝါရီ ၂၇**

ဂမ်ဘီယာနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ကြားနာပွဲ (Oral Hearing)ကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိအပြည်ပြည်ဆိုင်ရာတရားရုံး၌ပြုလုပ်လျက်ရှိပြီး နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တရားမျှတမှုနှင့် အမှန်တရားကို လက်ကိုင်ထား၍ မြန်မာနိုင်ငံအတွက် ခုခံချေပလျှောက်လဲလျက်ရှိရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့၌ပြုလုပ်သည်။

ဦးစွာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံများ ကိုင်ဆောင်ကာ မော်လမြိုင်မြို့ ပြည်နယ်ခန်းမမှ မြစ်ကမ်းသာကစားကွင်းအထိ ကမ်းနားလမ်းတစ်လျှောက် စီတန်းချီတက်ပြီး ကြိုဆိုထောက်ခံကြသည်။

ထို့နောက်မြစ်ကမ်းသာကစားကွင်း၌ပြည်သူများက နိုင်ငံတော်အလံအားအလေးပြု၍ နိုင်ငံတော်သီချင်း သံပြိုင်သီဆိုကြသည်။

ယင်းနောက် ဆရာတော် ဦးတေဇဝံသနှင့် ဦးဇော်ဟိန်းတို့က မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေနှင့်အညီ ယုံကြည်မှုအခြေခံ၍ပြတ်ပြတ်သားသားရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့် သက်ဆိုင်သောကိစ္စရပ်များအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

◆ **ကျောဖုံးမှအဆက်**

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ်မင်းသွေးခန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ်ဇော်ဖြိုးအောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၀၇ ဗိုလ်ကောင်းထက်ဝေနှင့် ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ ရေ ၅၈၁၀ ဗိုလ်သူရိန်မြင့်အောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ၅၈၁၆ ဗိုလ်ဒေါ်လပြည့်ဝင်းနှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ်ဒေါ်ချစ်မေဇင်တို့အားလည်းကောင်း ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများအားစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၀၇ ဗိုလ်ကောင်းထက်ဝေအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)မှ ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ ရေ ၅၈၁၀ ဗိုလ်သူရိန်မြင့်အောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အနေဖြင့် တပ်မတော်(ရေ)အတွက်သာမက နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း စာတွေ့သင်ကြားခဲ့သည့်အပြင် ရေယာဉ်အခြေပြုလက်တွေ့လေ့ကျင့်မှု (Afloat Training) များကို စစ်ရေယာဉ်များတွင် တွဲဖက်လေ့ကျင့်သင်ကြားခြင်းများ၊ ပြည်ပနိုင်ငံများသို့သွားရောက်သည့် စစ်ရေယာဉ်များနှင့် ပင်လယ်ပြင်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် လိုက်ပါစေ၍ ပင်လယ်ပြင် လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေး တာဝန်များကိုပါပူးတွဲ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ရေတပ်စစ်နည်းဗျူဟာများကို အခြေခံကျကျသိရှိတတ်မြောက်မှသာလျှင် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အခြေခံရေတပ်စစ်နည်းဗျူဟာသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ရေတပ်အရာရှိဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားကြရန် အထူးလိုအပ်ကြောင်း။

ခေါင်းဆောင်မှုဆိုသည်မှာ မွေးရာပါအရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရခြင်းဖြစ်သည့်အတွက် တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့်ပြည့်စုံရန် ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ရှိ အင်ဂျင်နီယာအရာရှိ၊ စစ်သည်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် တန်ချိန်ပေါင်း ၃၅၀၀ ရှိသည့် ဖရီဂိတ်အမျိုးအစား စစ်ရေယာဉ်ကြီးအပါအဝင် အခြားစစ်ရေယာဉ်အမျိုးအစားစုံတို့ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အတွက် လိုအပ်သည့် ရေယာဉ်အမျိုးအစားများကိုလည်း ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိ၊ စစ်သည်များကို လှိုင်းလေ

---

➲ **အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှ**

ကြေးတံဆိပ်ဆု သုံးခု၊ ဘော်လီဘောအားကစားနည်းမှ ရွှေတံဆိပ်ဆု တစ်ခု၊ ဘောလုံးအားကစားနည်းမှ ငွေတံဆိပ်ဆု တစ်ခု၊ စစ်တုရင်(မျက်မမြင်) အားကစားနည်းမှ ကြေးတံဆိပ်ဆု သုံးခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ်ဆု တစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ်ဆု တစ်ခု၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု ၂၀ ခု၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ ခု စုစုပေါင်းဆုတံဆိပ် ၅၉ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့သည်။

အောင်မြင်မှုဆုတံဆိပ်များရယူ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သော အားကစားအဖွဲ့သည် ယနေ့ည ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် အားကစားဝါသနာရှင် မိတ်ပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ အောင်သပြေပန်းစည်းများနှင့်စံပယ်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း(၁၁)နည်းအနက် သေနတ်ပစ်၊ ဘိုစီရာနှင့် ဘိုးလင်းအားကစားနည်းများမှလွဲ၍ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ဘောလုံး၊ စစ်တုရင်(မျက်မမြင်)၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂိုးလ်ဘော စသည့်အားကစားနည်း (၈)နည်းတို့မှ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများထက် ငါးခုပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် ပိုမိုအောင်မြင်မှုရရှိခဲ့သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သူများ၊ မသန်ပေမယ့်စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းကို သက်သေစိုက်ထူပြသနိုင်ခဲ့သည်။

အဆိုပါအောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းတစ်ရာတိတိအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြဝတီ

ကြမ်းတမ်းသည့်ပင်လယ်ပြင်တွင် အမျိုးသားအရာရှိ စစ်သည်များနည်းတူ စိတ်ခွန်အားတူ စိတ်ဓာတ်ပိုင်းနဲ့ကိုယ်ခန္ဓာပိုင်းကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ရေကူးနှင့် လှေလှော်ရွက်တိုက်တို့ကို ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်(ရေ)အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် စစ်ဆင်ရေး၊ စစ်ဘက်သယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း။

အရာရှိများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပေးအပ်သောတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်မည်ဆိုသည့်သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒ/ညွှန်ကြားချက်များကို စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်ပြီး အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရေး လေ့လာမှတ်သားနေရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်နှင့်အညီ ပြုမူနေထိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ အမိန့်နှင့်စည်းကမ်းကိုစံနမူနာပြလိုက်နာပြီး ပေးအပ်လာမည့်တာဝန်များကို စွမ်းရည်ပြည့်ဝစွာနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် စည်းကမ်းကောင်းမွန်သော ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ **"လှိုင်းလေခက်ထန်ကြမ်းတမ်းသည့်ပင်လယ်ပြင်တွင် လူပျော့လူညံ့များအတွက်နေရာမရှိ"** ဆိုသည့်စကားအတိုင်း ကျန်းမာကြံ့ခိုင်သောပင်လယ်ပျော်ရေတပ်သားများဖြစ်စေရေး လေ့ကျင့်၍ **"လှေခွက်ချည်းကျန် အလံမလှဲ"** စိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိတေးဂီတအဖွဲ့နှင့် တပ်မတော်(ရေ)တေးဂီတအဖွဲ့တို့၏ တေးသီချင်းများနှင့်တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့သည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းသည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ် (၈၅) မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ်မင်းသွေးခန့်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)မှ ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ၅၇၈၀ ဗိုလ်ဇော်ဖြိုးအောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ်ဒေါ်လပြည့်ဝင်းအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀)မှရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ်ဒေါ်ချစ်မေဇင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ ပြိုင်ပွဲများနှင့်ပြပွဲများကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်းအဆင့်ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဆုပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်တွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ဟောပြောပွဲ၊ ပြိုင်ပွဲများနှင့်ပြပွဲများ ကျင်းပခြင်းနှင့်ပတ်သက်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ ကျောင်းစာများအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ ကဏ္ဍပေါင်းစုံ၌ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများနှင့်ပြပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ ချယ်ချယ်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်း အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ ဥတ္တရခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အာဟာရဖြည့်စားသောက်ဖွယ်ရာများကျွေးမွေးခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့်တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များပေးအပ်သည်။ ယင်းနောက် ဥတ္တရခရိုင် ပြည်သူ့စာကြည့်တိုက်မှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Rally in support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the International Court of Justice and to object and denounce the false accusation of Gambia held

NAY PYI TAW January 27

A pro-patriotism rally to show support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the International Court of Justice (ICJ) in The Hague, the Netherlands, in order to protect the honour of the Republic of the Union of Myanmar and to ensure justice and truth and to object and denounce the false accusation of Gambia was held at the parking lot in front of the City Hall in Yangon this afternoon, attended by monks of the Patriotic Myanmar Monks Union, nuns, people and members of the political parties.

First, the attendees sang the national anthem in chorus, and bowed to the Flag of the Republic of the Union of Myanmar. Then, General Secretary of Patriotic Myanmar Monks Union (Yangon) Sayadaw Ashin Sucitta gave a speech, declaring that there was no genocide at all in Myanmar. Afterward, the attendees chanted slogans "the Success for the Myanmar delegation that is contesting the allegations at ICJ to protect the honour of the Republic of the Union of Myanmar and to ensure justice and truth", "We reject those who are making false accusations in connection with the genocide", "Stop all groundless accusations on genocide", and a pro-patriotism activist gave a speech, supporting and honouring Union Minister U Ko Ko Hlaing and Union Minister for Legal Affairs and Union Attorney General Dr. Daw Thida Oo and their Myanmar delegation, who are contesting the allegations in accord with the international laws. A propatriotism activist read out the official statement of Patriotic Myanmar Monks Union (Yangon) and Patriotic Brothers and Sisters (Yangon) in both English and Myanmar. Later, the attendees peacefully concluded the rally with a choral singing of the National Anthem and a bow to the Flag of the Republic of the Union of Myanmar.



A pro-patriotism rally shows support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the International Court of Justice.

**100**

# More than 3,000 acres of vegetables grown in YeU Township

YEU January 27

YeU District Agriculture Department unveiled that local farmers have planted a total of 3,163 acres of vegetables in YeU Township of Sagaing Region this year.

During the 2025–2026 winter cropping season, YeU Township planned to cultivate 4,044 acres of assorted vegetables. Planting began in October last year, and as of today, 3,163 acres have been cultivated.

"This year, YeU Township planned to grow more than 4,000 acres of vegetables during the winter cropping season. As of today, over 3,000 acres have already been planted. The main crops include mustard greens, chilli, coriander, potatoes, cauliflower, eggplant, and cabbage. We are providing technical support for farmers to cultivate all vegetables under the GAP system. We are also guiding farmers to grow vegetables with minimal chemical residues to ensure they are safe and healthy for consumers," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

This year, the Township Department of Agriculture has been providing vegetable farmers with GAP-focused technical training, guidance to ensure that harvested vegetables meet health and safety standards, and support to encourage farmers to expand vegetable cultivation.

YeU Township cultivates various seasonal vegetables every year. These crops have been growing successfully and contributing to household incomes. To support vegetable farmers, the Township Department of Agriculture continues to provide knowledge on proper cultivation practices, pest prevention, the use of natural fertilizers, and preparation and use of natural pesticides and repellents.

**SMK**

# Plan underway to grow more than 11,000 acres of sunflower in Myaungmya District

MYAUNGMYA January 27

Arrangements are being made to grow a total of 11,406 acres of sunflower as cold season crops in Myaungmya District of Ayeyawady Region this year, said Daw Khin Htay Myint, the Head of the District Agriculture Department.In Myaungmya District, during this winter cropping season, sunflower cultivation is planned for 11,406 acres, starting in the second week of December. Of these 11,406 acres, 2,310 acres will be in Einme Township, 8,691 acres in Wakema Township, and 405 acres in Myaungmya Township.

"Before the winter crops are planted in Myaungmya District, we have already provided farmers with guidance on cultivation techniques. In addition, to ensure high yields and good-quality crops, technical support programs are being conducted for farmers. Fertilizers and necessary soil nutrients are also being coordinated and supplied through relevant organizations. Training is being provided to ensure that farmers can apply these fertilizers according to proper agricultural practices," said Daw Khin Htay Myint.

To ensure that all winter crops, including oilseeds, are planted according to planned targets, local farmers are working in coordination with the District Agriculture Department, the Irrigation and Water Utilization Management Department, the Agro-Industrial Department, and administrative committees. It is reported that farmers and the Agriculture Department are working together to fully plant the designated sunflower acreage.

**SK**

# Cultivated straw mushroom in high demand in Kyaunggon Township



KYAUNGGON January 27

Cultivated straw mushrooms are in high demand at the domestic markets in Kyaunggon Township of Ayeyawady Region, said Daw Kalya, the owner of green grocery wholesale centre in Nyaunggon Township.

In Kyaunggon Township, the cultivation of straw mushrooms, which began in the third week of November this year, has seen strong demand and healthy trade up to the present. The cultivated straw mushrooms are reported to be selling and buying at volumes of 1,200 to 2,500 baskets per day.

"At present, one basket of cultivated straw mushrooms is priced at over Ks-20,000. The price is still favorable, so farmers are actively engaged in cultivation. Buyers in the local markets are purchasing the mushrooms. Although sales are good, the number of farmers growing these mushrooms is limited, so supply is low. The mushrooms that are harvested are of good quality, and the caps sell better," said Daw Kalyar.

The cultivated straw mushrooms from Kyaunggon Township are of good quality, and buyers in the local markets prefer the caps over the mushroom blooms, making the caps more popular and in higher demand. **SMK**

# Shwebo Township finishes cultivation of black gram on more than 3,000 acres of croplands

SHWEBO January 27

Agricultural data compiled by Shwebo Township Agriculture Department mentioned that local farmers have completed cultivation of 3,357 acres of black gram as cold season crops in Shwebo Township of Sagaing Region this year.

During the 2025-2026 winter cropping season, Shwebo Township set a target of cultivating 3,226 acres of black gram. Planting began in October last year, and as of today, 3,357 acres have already been planted, according to reports.

"During this year's winter cropping season in Shwebo Township, 3,226 acres of black gram were targeted for cultivation, and 3,357 acres have already been completed. During the black gram planting period, we are also carrying out field-level activities to provide necessary technologies, suitable seed varieties, and pest and disease prevention methods," said U San Oo, Township Head of the Department of Agriculture in Shwebo Township.

In Shwebo Township, the Department of Agriculture is providing awareness and technical support to black gram farmers, including access to locally suitable and quality seed varieties, proper cultivation practices, pest and disease management, systematic use of fertilizers, and measures to improve crop yields, it is reported.

During this winter cropping season, for the cultivation of various pulse crops, the relevant Township Departments of Agriculture are working in cooperation with farmers to improve yields and quality by providing quality seeds, agricultural inputs, and post-harvest technologies, according to reports. **SMK**

# Pyapon Township sends a large volume of river catfish to Yangon market



PYAPON January 27

Local entrepreneurs and fishermen shipped a large volume of river catfish to Yangon market said Daw Thet Thet, the owner of fishery product trading depot in Pyapon Township.

River catfish from Pyapon Township are being transported and sold to the Yangon market.Up to 65,000 viss of river catfish were transported and sold to the Yangon market . The fish sold comprised both farmed and wild river catfish.

"We have already transported and sold up to 65,000 viss of river catfish within a month. From the 1st to the 30th of last month, we were only able to sell around 65,000 viss. All aquatic products from Pyapon Township are being sent to Yangon for sale. Both last month and at present, the trade of aquatic products in Yangon is good. River catfish are selling very actively in the domestic market," said Daw Thet Thet.

The river catfish sold from Pyapon Township to the Yangon market are priced at around Ks-180,000 per 10 viss. With increasing shipments to Yangon, fish farmers, traders, fish-pond workers, and vehicle renters involved in transportation are all benefiting. **SK**

# More than 8,000 acres of croplands placed under black gram in Yinmabin District

YINMABIN January 27

Statistics of Sagaing Region Agriculture Department mentioned that a total of 8,954 acres of black gram was planted in Yinmabin District of Sagaing Region this year.

During the 2025-2026 winter cropping season, Yinmabin District has set a target of cultivating 10,478 acres of black gram. Planting began in October last year, and as of today, 340 acres have been completed in Yinmabin Township, 5,441 acres in Kani Township, 113 acres in Salingyi Township, and 3,060 acres in Pale Township, bringing the total planted area to 8,954 acres, according to reports.

"During this year's winter cropping season in Yinmabin District, more than 10,000 acres of black gram were targeted for cultivation, and more than 8,900 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. During the black gram planting period, we are also conducting field-level activities to provide necessary technologies, quality seeds, and pest and disease prevention methods," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

For the 2025-2026 winter cropping season, the township-wise black gram cultivation targets in Yinmabin District are 600 acres in Yinmabin Township, 110 acres in Kani Township, 6,700 acres in Salingyi Township, and 3,068 acres in Pale Township, totaling 10,478 acres, it is reported.

In Yinmabin District, the Township Departments of Agriculture are providing awareness and technical support to black gram farmers, including access to suitable and quality seed varieties adapted to local conditions, proper cultivation practices, pest and disease management, systematic use of fertilizers, and measures to improve crop yields.

In addition, during last year's monsoon cropping season, the relevant Township Departments of Agriculture are working in cooperation with farmers to improve yields and quality in various pulse crops by providing quality seeds, agricultural inputs, and post-harvest technologies, according to reports. **SK**

# Russia ready to strengthen practical cooperation with Chinese military - Defence Minister

BEIJING January 27

Russia is ready to strengthen practical cooperation with the Chinese military, Russian Defence Minister Andrei Belousov said on Tuesday.

Earlier in the day, Belousov and Chinese Defence Minister Dong Jun held talks via videoconference.

"Russia is ready, together with China, to strengthen strategic consultations between the armed forces of the two countries, to deepen practical cooperation in such areas as joint actions and personnel training," Belousov said, as quoted by the CCTV broadcaster.

Moscow is ready to take strategic cooperation between the parties to an even higher level, Belousov added.

The comprehensive strategic partnership between Russia and China is steadily developing, and cooperation between the Russian and Chinese armed forces is organized at a high level, Belousov said.

"Cooperation between the Russian armed forces and the People's Liberation Army of China is organized at a high level in the fields of defence and security," Belousov said.

The examples of Venezuela and Iran require the Russian and Chinese defence ministries to constantly analyze the security situation and take appropriate actions, the minister added.

The Chinese counterpart, in turn, said that mutual contacts are very important in a changing world situation.

China is ready to jointly enhance with Russia its capabilities to counter various risks and challenges, Chinese Defence Minister Dong Jun said on Tuesday.

"[Beijing is also ready to work with Moscow to] improve exchange mechanisms, jointly enhance the ability to withstand various risks and challenges, and jointly bring positive energy to global security and stability," the minister said, as quoted by the CCTV broadcaster. **Sputnik**

# Greenland's independence currently unrealistic, says Parliament Deputy Speaker

BRUSSELS January 27

Greenland's independence remains unrealistic in the foreseeable future due to economic and demographic factors, as well as its close ties to Denmark, the Greenlandic parliament's deputy speaker Bentiaraq Ottosen told RIA Novosti.

"Greenland's independence is not a reality, maybe in five or ten years," he said.

Ottosen added that Greenland needed to remain within Denmark's borders, as the two sides were almost united, while the Arctic island's population is approximately 56,000 compared to Denmark's 5 million, making Greenland "too small in a large country."

The deputy speaker underscored the inherent complexity of independence, arguing that the island's future must be decided by Greenlanders themselves and not by outside agendas.

Greenland is part of the Kingdom of Denmark. However, US President Donald Trump has repeatedly stated that the Arctic island should become part of the United States. Danish and Greenlandic authorities have warned Washington against seizing the island, noting that they expect respect for their territorial integrity.

**Sputnik**



# Death toll from landslide in Indonesia's West Java rises to 48



JAKARTA January 27

The death toll from the landslide that struck Pasirlangu Village in Cisarua Sub-district, West Bandung Regency of Indonesia's West Java Province, last Saturday has risen to 48, with 30 victims already identified, local media reported on Tuesday.

Local media quoted the West Java Police as saying that the Disaster Victim Identification post at the disaster site has received a total of 48 body bags evacuated by the joint search and rescue team. Of the total, around 30 bodies have been successfully identified and handed over to their families.

Police said identification work on the remaining 18 bodies is still underway through data reconciliation, including comparisons of post-mortem and ante-mortem information, as the list of missing persons continues to be updated.

To accelerate search efforts, authorities have also deployed search-and-rescue dogs to assist joint teams in locating victims buried under landslide debris, particularly in areas difficult to access with heavy equipment.

The Bandung City Office for Women's Empowerment and Child Protection has provided trauma recovery services for children affected by the landslide. The assistance included psychological support and the distribution of educational toys, medicines and clothing at evacuation shelters, aiming to help restore children's mental well-being.

**Xinhua**

# CIA setting up outpost in Venezuela – CNN

CARACAS January 27

The CIA is "quietly working" to set up a permanent presence in Venezuela in order to shape the country's post-Maduro future, CNN reported on Tuesday. The network's sources say the CIA plans to run Venezuela like it did Ukraine after 2014.

While the US State Department plans to eventually open an official embassy in Caracas, establishing a CIA "annex" is "priority number one," an anonymous US source told CNN. Operating out of this outpost, agents will make contact with acting President Delcy Rodriguez' government and opposition parties, and "target third parties who may be threats," the source said.

"Before diplomatic channels the annex can help set up liaison channels… that will allow conversations that diplomats cannot have," a former US official told the network.

The CIA refused to comment, but its presence in Venezuela is no secret. US President Donald Trump authorized the agency to conduct covert operations in Venezuela last October, three months before President Nicolas Maduro was abducted by US special forces.

Following the raid, CIA Director John Ratcliffe was the first senior American official to visit Venezuela to meet with Rodriguez and her military chiefs.

The agency's work in Venezuela will mirror its "work in Ukraine," CNN reported. The CIA's work in Ukraine began in earnest in February 2014, after President Viktor Yanukovich was overthrown in a US-orchestrated coup. According to a New York Times report, the CIA immediately took over management of Ukraine's secret police agency, the SBU, and its military intelligence agency, the HUR.

The Americans helped the Ukrainians set up paramilitary units, and trained Ukrainian agents on conducting covert operations within Russia under false identities. CIA-trained operatives assassinated two key Donetsk separatist commanders in the following years, and were engaged in a "shadow war" with Russia long before 2022, the Times reported.

By 2022, Ukrainian spies were operating "inside Russia, across Europe, and in Cuba," while the CIA had constructed a dozen secret bases along Russia's western border, according to the report.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 41

## Wish

## Exercises

**41.2 Complete the sentences.**

1 Jack is going on a trip to Mexico soon. I wish I was going too.
2 I'm very tired and I have so much to do. I wish I ..........so tired.
3 You didn't tell me you were ill. Why not? I wish you ..........me.
4 I don't have enough free time. I wish I ..........more free time.
5 I can't make up my mind what to do. I wish I ..........decide.
6 I bought these shoes, but now I don't like them. I wish I ..........them.
7 We have to go out now and I don't want to go. I wish we ..........to go out now.
8 Unfortunately I couldn't go to the wedding last month. I wish I could .......... .

**41.3 What do you say in these situations? Write sentences with** I wish … would … **.**

1 It's raining. You want to go out, but not in the rain.
You say: I wish it would stop raining.
2 You're waiting for Jane. She's late and you're getting impatient.
You say to yourself: I wish she ..........
3 You're looking for a job – so far without success. Nobody will give you a job.
You say: I wish somebody ..........
4 You can hear a dog barking. It's been barking a long time and you're trying to study.
You say: ..........

**For the following situations, write sentences with** I wish … wouldn't … .

5 Your friend is driving very fast. She always drives fast and you don't like this.
You say to her: I wish you ..........
6 Joe leaves the door open all the time. This annoys you.
You say to Joe: ..........
7 A lot of people drop litter in the street. You don't like this.
You say: I wish people ..........

**41.4 Put the verb into the correct form.**

1 It was a stupid thing to say. I wish I hadn't said it. (I / not / say)
2 I'm fed up with this rain. I wish it would stop . (it / stop)
3 It's a difficult question. I wish ..........the answer. (I / know)
4 I really didn't enjoy the party. I wish .......... . (we / not / go)
5 I wish .......... . We've been waiting for 20 minutes. (the bus / come)
6 You're lucky to be going away. I wish ..........with you. (I / can / come)
7 Our flat is rather small. I wish ..........a bit bigger. (it / be)
8 I should have listened to you. I wish ..........your advice. (I / take)
9 You keep interrupting me! I wish .......... . (you / listen)
10 You're always complaining. I wish ..........all the time. (you / not / complain)
11 It's freezing today. I wish ..........so cold. I hate cold weather. (it / not / be)
12 I wish .......... . It's horrible! (the weather / change)
13 I wish .......... a piano. I'd love to have one. (I / have)
14 When we were in London last year, we didn't have time to see all the things we wanted to see.
I wish .......... there longer. (we / can / stay)

**Raymond Murphy**

# မြင်ရတာကို မယုံရတော့တဲ့ ဒီကနေ့ခေတ်ရဲ့ ကမ္ဘာ့နိုင်ငံရေး

လူသားတွေရဲ့ သမိုင်းကာလတစ်လျှောက်လုံးမှာ ကမ္ဘာ့အဆင့် ဩဇာလွှမ်းမိုးမှုရှိတဲ့ အခင်းအကျင်းတွေဟာ သတင်းအချက်အလက်တွေ အလွန်ရှားပါးတဲ့ အခြေအနေမှာပဲ လည်ပတ်ခဲ့ရတာဖြစ်ပါတယ်။ အရင်ကတော့ သတင်းတစ်ခုရဖို့ဆိုတာ ခက်ခဲတဲ့အတွက် ရလာတဲ့သတင်းအချက်အလက် အနည်းငယ်အပေါ်မှာပဲ မူတည်ပြီး လူတွေက ကိုယ့်အမြင်နဲ့ကိုယ် အမျိုးမျိုးအနက်ဖွင့်ဆိုခဲ့ကြရတာပါ။

ဒါပေမဲ့ အခုဒစ်ဂျစ်တယ်ခေတ်ထဲ ရောက်လာတဲ့အခါမှာတော့ အခြေအနေက လုံးဝဥဿုံ ပြောင်းပြန်ဖြစ်သွားပါပြီ။ သတင်းတွေက ဖောဖောသီသီ ရှိနေလင့်ကစား ဒါဟာ တကယ်အစစ်လား၊ အတုလားဆိုတဲ့ စစ်မှန်မှုကတော့ အလွန်ရှားပါးတဲ့ အရာတစ်ခုဖြစ်လာပါတယ်။ အထူးသဖြင့် ဉာဏ်ရည်တု AI နည်းပညာကိုသုံးပြီး ဖန်တီးထားတဲ့ Deepfakes တွေဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ "လူထုစကားပြောဆိုမှု" နဲ့ "မျက်မြင်သက်သေ အထောက်အထား" တွေအပေါ် ယုံကြည်မှုကို အခြေခံကနေ လှုပ်ခါဖျက်ဆီးပစ်နေတာပါ။

Deepfake ဆိုတာ AI နည်းပညာသုံးပြီး လူတစ်ယောက်ရဲ့ ရုပ်ပုံ၊ ဗီဒီယို ဒါမှမဟုတ် အသံကို တခြားလူတစ်ယောက်က လုပ်နေတာ၊ ပြောနေတာမျိုး ဖြစ်အောင် ဖန်တီးထားတဲ့ အတုအယောင်ဖြစ်ပါတယ်။ ဒီ Deepfake ဗီဒီယိုတွေ၊ ပုံတွေနဲ့ အသံတုတွေဟာ အရင်ကထက် ကုန်ကျစရိတ် သိသိသာသာ သက်သာလာရုံသာမက ဖန်တီးရတာလည်း လွယ်ကူလာတဲ့အတွက် ဘယ်သူမဆို လက်နက်တစ်ခုလို သုံးနိုင်လာနေကြတာဖြစ်ပါတယ်။

ဒီနေ့ခေတ် အင်တာနက်စာမျက်နှာတွေပေါ်မှာ ဒီလို AI နဲ့ လုပ်ထားတဲ့ အတုအယောင်တွေဟာ နေရာအနှံ့ ပျံ့နှံ့နေပါပြီ။ စစ်တမ်းတွေအရဆိုရင် ကမ္ဘာ့လူဦးရေ ဖိုရာခိုင်နှုန်းခန့်ဟာ လွန်ခဲ့တဲ့တစ်နှစ်အတွင်း Deepfake ဗီဒီယိုတစ်ခုခုနဲ့ ကြုံတွေ့ခဲ့ဖူးကြတယ်လို့ သိရပါတယ်။ အချို့သော ဖန်တီးမှုတွေကတော့ ကြည့်လိုက်ရင် အန္တရာယ်မရှိသလိုပါပဲ။ ရယ်စရာမောစရာ အဆင့်ပဲရှိပါတယ်။ ဥပမာ ရုရှားနိုင်ငံ ကမ်ချက်ကာဒေသမှာ ကိုးထပ်တိုက်အမြင့်လောက်ရှိတဲ့ နှင်းပုံကြီးတွေ ရှိနေတယ်ဆိုပြီး အမေရိကန်မှာပါ ပျံ့နှံ့သွားတဲ့ AI ပုံတွေလိုမျိုးပေါ့။

ဒါတွေက အပေါ်ယံကြည့်ရင် အပျော်သဘောလို့ ထင်ရပေမယ့်တကယ်တမ်းမှာ လူတွေရဲ့အမှန်နဲ့အမှား ခွဲခြားနိုင်စွမ်းကို တဖြည်းဖြည်းဝါးမျိုလာနေတာဖြစ်ပါတယ်။ ဒီနည်းပညာဟာ အခုဆိုရင် အပျော်သဘော အဆင့်ကနေ ပြင်းထန်တဲ့ နိုင်ငံရေးတင်းမာမှုတွေကို ပိုမိုလောင်စာဖြည့်ပေးလာတဲ့ လက်နက်တစ်ခုအဖြစ် ရောက်ရှိလာနေပါပြီ။

Deepfake တွေရဲ့ အန္တရာယ်က နိုင်ငံရေးတင်းမာမှုတွေကို မီးလောင်ရာလေပင့်ဖြစ်စေတဲ့အထိ ရောက်လာတာကို ၂၀၂၅ ခုနှစ် မေလမှာတုန်းက ဖြစ်ခဲ့တဲ့ အိန္ဒိယ-ပါကစ္စတန် အကျပ်အတည်းမှာ အထင်အရှား မြင်ခဲ့ရပါတယ်။ အဲဒီတုန်းက တိုက်လေယာဉ် နှစ်စင်း ပျက်ကျသွားပြီလို့ ပြထားတဲ့ ဗီဒီယိုအတုတစ်ခုဟာ နာရီပိုင်းအတွင်းမှာပဲ အွန်လိုင်းမှာ တောမီးလိုပျံ့သွားပါတယ်။ အစိုးရတွေဘက်က ဒါဟာ အတုကြီးပါလို့ တရားဝင်ငြင်းဆိုချက်တွေ ထုတ်ပြန်ဖို့ ကြိုးစားနေတုန်းမှာတင် လူထုကြားမှာ စစ်လိုလားတဲ့ စိတ်ဓာတ်တွေက အထွတ်အထိပ် ရောက်ကုန်ပါပြီ။

ဒီဖြစ်ရပ်က ဘာကိုပြလဲဆိုရင် Deepfake ဆိုတာ ဖျော်ဖြေရေး သက်သက်မဟုတ်တော့ဘဲ နိုင်ငံတစ်ခုရဲ့ တည်ငြိမ်ရေးနဲ့ အမျိုးသားလုံခြုံရေးကိုပါ တိုက်ရိုက်ခြိမ်းခြောက်နိုင်တဲ့ လက်နက်ဖြစ်လာပြီဆိုတာပါပဲ။ ဒါကြောင့်လည်း ၂၀၂၅ ခုနှစ် နှောင်းပိုင်းနဲ့ ၂၀၂၆ ခုနှစ် အစောပိုင်းမှာ ကမ္ဘာတစ်ဝန်း AI အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းအသစ်တွေက လှိုင်းလုံးတစ်ခုလို ပေါ်ထွက်လာတာပါ။ နိုင်ငံတွေဟာ AI အတုအယောင်တွေကို နည်းပညာအသစ်တစ်ခုလိုမမြင်တော့ဘဲ နိုင်ငံတော်မတည်မငြိမ်ဖြစ်အောင် လုပ်နိုင်တဲ့အရာတစ်ခုအဖြစ် သတ်မှတ်ပြီး ထိန်းချုပ်ဖို့ကြိုးစားလာကြပါတယ်။

အာရှနိုင်ငံတွေကိုကြည့်ရင် ဥပဒေနဲ့ ချက်ချင်းလက်ငင်း အရေးယူတာကို ပိုတွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံဆိုရင် ဇန်နဝါရီလ ၁၀ ရက်မှာ Grok ပလက်ဖောင်းကို ယာယီပိတ်ဆို့လိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီပလက်ဖောင်းကိုသုံးပြီး ခွင့်ပြုချက်မရှိဘဲ လိင်ပိုင်းဆိုင်ရာ Deepfake တွေ ဖန်တီးနေကြလို့ပါ။ ဂျကာတာအစိုးရရဲ့တုံ့ပြန်ပုံက စံနှုန်းတွေသတ်မှတ်ဖို့ စောင့်မနေတော့ဘဲ ပြဿနာဖြစ်တာနဲ့ ဖြန့်ဝေတဲ့လမ်းကြောင်းကို ချက်ချင်းဖြတ်တောက်လိုက်တာပဲဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံကတော့ ပိုပြီးတင်းကျပ်လှတဲ့ ရာဇဝတ်မှုဆိုင်ရာချဉ်းကပ်ပုံကို သုံးတာတွေ့ရပါတယ်။ ၂၀၂၅ ခုနှစ်အကုန်မှာ နိုင်ငံတော်ဆန့်ကျင်ရေး AI ပုံရိပ်တွေ၊ ဗီဒီယိုတွေဖြန့်တဲ့သူများကို မျက်ကွယ်မှာတင်တရားစီရင်ပြီး ဖမ်းဝရမ်းတွေထုတ်ခဲ့ပါတယ်။ ဒါဟာ ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာကို ကာကွယ်တာဖြစ်ပြီး အွန်လိုင်းပေါ်ကနေ ပြည်ပမှတိုက်ခိုက်တာမျိုးကို ခွင့်မပြုဘူးဆိုတဲ့ ပြတ်သားရှင်းလင်းတဲ့ သတင်းစကားပေးလိုက်တာပါ။

အိန္ဒိယမှာလည်း ဇန်နဝါရီလ ၁၉ ရက်မှာ အိန္ဒိယရဲ့တပ်ဖွဲ့က ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ကို အသရေဖျက်ဖို့ ကြိုးစားတဲ့ AI ပုံရိပ်တစ်ခုအတွက် စုံစမ်းစစ်ဆေးမှုစတင်ခဲ့ပါတယ်။ ဒီနေရာမှာ သတိထားရမှာက သူတို့ရဲ့ရည်ရွယ်ချက်ဟာ ကြီးမားတဲ့ လှည့်ဖြားမှုထက် လူထုကြားမှာ ချက်ချင်းလက်ငင်း ဆူပူအုံကြွမှု ဖြစ်စေဖို့ပဲဖြစ်ပါတယ်။

ဥရောပသမဂ္ဂ EU ကတော့ ဥပဒေကြောင်းအရ စနစ်တကျ မူဘောင်တွေ ချမှတ်နေပါပြီ။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှာ ဥရောပကော်မရှင်က AI နဲ့ ဖန်တီးထားတဲ့ အကြောင်းအရာတွေကို အညွှန်းပါရမယ်ဆိုတဲ့ ဥပဒေမူကြမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ ဒါဟာ AI အက်ဥပဒေပါ ပွင့်လင်းမြင်သာမှု မူဝါဒတွေကို လက်တွေ့ကျင့်သုံးနိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေအဖြစ် ပြောင်းလဲလိုက်တာပါ။

ဂျာမနီတရားရေးဝန်ကြီးဌာနကလည်း ဇန်နဝါရီလ ၉ ရက်မှာ AI နဲ့ ပုံရိပ်တုပြုပြင်တာတွေကို ဒစ်ဂျစ်တယ် အကြမ်းဖက်မှုလို့သတ်မှတ်ပြီး ရာဇဝတ်မှုအဖြစ် အရေးယူဖို့ ပြင်ဆင်လာပါတယ်။ အမေရိကန်နိုင်ငံမှာတော့ သမ္မတဒေါ်နယ်ထရမ့်က Take It Down Act ကို ၂၀၂၅ မှာ လက်မှတ်ထိုးခဲ့တာကြောင့် ပလက်ဖောင်းတွေအနေနဲ့ ခွင့်ပြုချက်မရှိတဲ့ AI ပုံရိပ်ကို ချက်ချင်းဖယ်ရှားပေးဖို့ တာဝန်ရှိလာစေပါတယ်။ အထက်လွှတ်တော်ကလည်း DEFIANCE Act ကို အတည်ပြုခဲ့သလို၊ လူတစ်ဦးချင်းစီရဲ့ ပုံရိပ်နဲ့ အသံကို ကာကွယ်ပေးမယ့် No Fakes Act ကိုလည်း ဆက်လက်ဆွေးနွေးနေကြပါတယ်။

ရုရှားနိုင်ငံဟာလည်း ဒီလှိုင်းထဲမှာ နောက်ကျကျန်နေခဲ့ခြင်းမရှိဘဲကိုယ်ပိုင်လမ်းစဉ်ကို ဖော်ဆောင်နေပါတယ်။ ဇန်နဝါရီလ ၂၀ ရက်မှာ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဦးဆောင်ပြီး အထူးလုပ်ငန်းအဖွဲ့တစ်ခုဖွဲ့စည်းခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှာ တင်သွင်းထားတဲ့ ဥပဒေမူကြမ်းအရ AI နဲ့ လုပ်ထားတဲ့ ဗီဒီယိုမှန်သမျှ အညွှန်းမပါရင် ဒါမှမဟုတ် အညွှန်းမှားရင် အုပ်ချုပ်ရေးနည်းလမ်းအရ ဒဏ်ကြေးတွေ ရိုက်မယ့်အစီအစဉ်ကို ၂၀၂၆ မတ်လကျရင် လွှတ်တော်မှာ စတင်ဆွေးနွေးတော့မှာ ဖြစ်ပါတယ်။

ဒီလိုမျိုး ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းနေသလို နိုင်ငံတကာအဆင့်မှာလည်း C2PA လိုမျိုး နည်းပညာစံနှုန်းတွေ ဖော်ဆောင်ပြီး သတင်းတစ်ခုရဲ့ မူရင်းဇာစ်မြစ်ကို စစ်ဆေးနိုင်အောင် လုပ်ဆောင်နေကြပါတယ်။ နိုင်ငံတကာ တယ်လီဖုန်းဆက်သွယ်ရေးသမဂ္ဂ ITU လိုမျိုး အဖွဲ့အစည်းတွေမှာလည်း AI ပွင့်လင်းမြင်သာမှုအတွက် ဆွေးနွေးနေကြပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ယနေ့ကမ္ဘာကြီးဟာ အခုဆိုရင် ဘယ်ဟာက အစစ်၊ ဘယ်ဟာက အတုဆိုတာကို စနစ်တကျစစ်ဆေးရမယ့်ခေတ်ကိုရောက်နေပါပြီ။ အစိုးရတွေအတွက် Deepfake ကို ဘယ်လိုကိုင်တွယ်မလဲဆိုတာဟာ သူတို့ရဲ့ နိုင်ငံရေးအရ ရင့်ကျက်မှုနဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်နိုင်စွမ်းကို စမ်းသပ်မှုတစ်ခု ဖြစ်လာပါတယ်။

အခုအချိန်မှာ ဖြစ်ပွားနေတဲ့တိုက်ပွဲများက နည်းပညာတိုက်ပွဲတင် မဟုတ်တော့ပါဘူး။ "မြင်ရမှယုံ" ဆိုတဲ့ စကားအလုပ်မဖြစ်တော့တဲ့ ခေတ်မှာ စစ်မှန်တဲ့နိုင်ငံရေးနဲ့ လူမှုရေးယုံကြည်မှုတွေကို ဘယ်လိုမျိုးဆက်လက်ထိန်းသိမ်းမလဲဆိုတာဟာ လူသားတွေအားလုံးရဲ့တာဝန်ဖြစ်လာပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ တည်ငြိမ်ရေးဟာ ဒီအတုအယောင်တွေကို ဘယ်လောက်အထိ ထိထိရောက်ရောက်နဲ့ ပညာသားပါပါ တားဆီးနိုင်မလဲဆိုတဲ့အပေါ်မှာသာ မူတည်နေတော့မှာ ဖြစ်ပါတယ်။ **Ref: RT**




ထက်မြတ်

# ပဲရစ် ရာသီဥတု သဘောတူညီချက်မှ အမေရိကန် တရားဝင်နုတ်ထွက်

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန် အဓိကကျသော နိုင်ငံတကာမူဘောင်တစ်ခုဖြစ်သည့် ပဲရစ်ရာသီဥတုသဘောတူညီချက်မှ ဇန်နဝါရီလ ၂၇ ရက်တွင် တရားဝင်နုတ်ထွက်လိုက်ပြီဖြစ်ကြောင်းသိရသည်။

သမ္မတ ဒေါ်နယ်ထရမ့်က လွန်ခဲ့သော တစ်နှစ်တွင် ကြေညာထားခဲ့သည့်အတိုင်း ယခုကဲ့သို့ နုတ်ထွက်ခြင်းဖြစ်ပြီး ၎င်း၏ လက်ကျန်သမ္မတသက်တမ်းဖြစ်သည့် သုံးနှစ်တာကာလအတွင်း အတည်ဖြစ်နေမည်ဖြစ်သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ကိုအများဆုံးထုတ်လွှတ်သည့် အမေရိကန်နိုင်ငံ၏ ယခုလုပ်ရပ်ကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အတွင်း ကန့်သတ်ရန်ကြိုးပမ်းနေသည့် နိုင်ငံတကာ အသိုက်အဝန်းအတွက် အခက်အခဲများ ဖြစ်ပေါ်စေမည်ဖြစ်သည်။ သမ္မတထရမ့်သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌မိန့်ခွန်းပြောစဉ် ရာသီဥတုပြောင်းလဲမှုအန္တရာယ်များကိုပယ်ချခဲ့ပြီး ယင်းကို ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လိမ်လည်မှုဟုခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် အတည်ပြုခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း(UNFCCC) မှလည်း နုတ်ထွက်ရန် စီစဉ်နေကြောင်း ဇန်နဝါရီလအစောပိုင်းတွင် ပြောထားသည်။

ပဲရစ်ရာသီဥတုသဘောတူညီချက်ကို နိုင်ငံနှင့် ဒေသပေါင်း ၂၀၀ နီးပါးက ၂၀၁၅ ခုနှစ်တွင် အတည်ပြုထားပြီး ၎င်းသည် ဖွံ့ဖြိုးမှုအဆင့်အတန်းမရွေး ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး ရည်မှန်းချက်များ ချမှတ်ရန် သတ်မှတ်သော ပထမဆုံး တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ဖြစ်သည်။ **Ref: BP**

## အိန္ဒိယနှင့် ဥရောပတို့က FTA အပါအဝင် ပဋိညာဉ်များစွာကို လက်မှတ်ထိုး


နယူးဒေလီ၊ စီးပွားရေး

အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် ကုန်သွယ်ရေးအတွက် အခြေခံအကျဆုံး သဘောတူညီချက်ဟု တင်စားထားသည့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) အပါအဝင် ပဋိညာဉ်များစွာနှင့် နားလည်မှုစာချွန်လွှာများစွာကို ဇန်နဝါရီလ ၂၇ ရက်တွင် နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးကြောင်းသိရသည်။ ဥရောပကောင်စီဥက္ကဋ္ဌနှင့်ဥရောပကော်မရှင်ဥက္ကဋ္ဌတို့၏ အိန္ဒိယနိုင်ငံခရီးစဉ်တွင် ယခုကဲ့သို့ လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်သည်။

ယခုကုန်သွယ်ရေးသဘောတူညီချက်က စီးပွားရေးဒေသကြီးနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှု၏ ပြီးပြည့်စုံသော နမူနာဖြစ်သည်ဟု အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ပြောသည်။ အဆိုပါ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းစသစ်များဖွင့်လှစ်ပေးမည်ဖြစ်ပြီး တည်ငြိမ်၍သာယာဝပြောသော စီးပွားဆက်ဆံရေးကို ပုံဖော်နိုင်မည်ဖြစ်ကြောင်း နာရန်ဒရာမိုဒီကလူမှုကွန်ရက်၌ရေးထားသည်။

Ref: Xinhua

## ကမ္ဘာကြီးက ရာသီဥတုအလွန်ပူပြင်းမှုအတွက် အသင့်မဖြစ်သေးဟု သိပ္ပံပညာရှင်များပြော




ပဲရစ်၊ ရာသီဥတု

ကမ္ဘာတစ်ဝန်း ပြင်းထန်သောအပူလှိုင်းများကျရောက်မှု မြန်ဆန်လာနေစဉ် ယင်းအခြေအနေကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကမ္ဘာကြီးသည် အသင့်မဖြစ်သေးကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

လက်ရှိတွင် အပူချိန်မြင့်တက်မှုနှုန်းမှာ သိသိသာသာ မြန်ဆန်လာနေပြီး အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေးကဏ္ဍနှင့် လူသားတို့၏ ကျန်းမာရေးစနစ်များသည် ပြောင်းလဲလာသော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိရန် လုံလောက်သော ပြင်ဆင်မှုမရှိသေးကြောင်း ပညာရှင်များက ထောက်ပြသည်။

အပူချိန်ပြင်းထန်မှုကြောင့် နှစ်စဉ်လူသေဆုံးမှုနှုန်း မြင့်တက်လာခြင်းနှင့်အတူ လုပ်ငန်းခွင်အတွင်း ကုန်ထုတ်လုပ်မှုစွမ်းအားများကျဆင်းလာမှုကိုလည်း ရင်ဆိုင်နေရသည်။ အထူးသဖြင့် မြို့ပြဒေသများတွင် အပူဒဏ်ကိုပိုမိုခံစားရလေ့ရှိပြီး သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သူများအတွက် အကာအကွယ်ပေးမည့် အစီအစဉ်များ လိုအပ်နေသည်။

အပူလှိုင်းဒဏ်ကို လျှော့ချနိုင်ရန် မြို့ပြစီမံကိန်းများတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် အပူဒဏ်ခံအဆောက်အအုံများကို တည်ဆောက်ခြင်းကဲ့သို့ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း ပညာရှင်များက ပြောသည်။ ထို့အတူ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးသည် ရေရှည်အတွက်အရေးကြီးသကဲ့သို့ လက်ရှိရင်ဆိုင်နေရသောအပူဒဏ်အတွက်ထိရောက်သည့် မဟာဗျူဟာများကို အကောင်အထည်ဖော်ရန် သိပ္ပံပညာရှင်များက တိုက်တွန်းထားသည်။

Ref: ST

## မြောက်ကိုရီးယားက အရှေ့ပင်လယ်သို့ ဒုံးကျည်များ ပစ်လွှတ်ဟု တောင်ကိုရီးယားစစ်ဘက် ထုတ်ပြန်

ဆိုး၊ စစ်ရေး

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီလ ၂၇ ရက်တွင် အရှေ့ပင်လယ်သို့ အမည်မသိ ဒုံးကျည်အများအပြားကို ပစ်လွှတ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် ပြုံယမ်းမြို့၏ မြောက်ဘက်ရှိနယ်မြေများမှ အမည်မသိ ပဲ့ထိန်းဒုံးကျည်အများအပြားကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်များသည် ကီလိုမီတာ ၃၅၀ ခန့် ပျံသန်းသွားပြီး မြောက်ကိုရီးယား၏ နောက်ထပ်ဒုံးကျည်ပစ်ခတ်မှုများရှိလာနိုင်ခြေအတွက် တောင်ကိုရီးယားစစ်ဘက်က စောင့်ကြည့်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ကာ အပြည့်အဝအသင့်ပြင်ဆင်ထားသည့်အနေအထားကို ထိန်းသိမ်းထားကြောင်းနှင့် တာဝန်ရှိသူများက အသေးစိတ်အချက်အလက်များကို ဆက်လက်ခွဲခြမ်းစိတ်ဖြာလျက်ရှိကြောင်းသိရသည်။

Ref: Xinhua

## အမေရိကန်တွင် ဆောင်းရာသီ မုန်တိုင်းကြောင့် လူ ၃၀ ထက်မနည်းသေဆုံး

နယူးယောက်၊ ရာသီဥတု

အမေရိကန်နိုင်ငံတစ်ဝန်း၌ ပြင်းထန်သော ဆောင်းရာသီမုန်တိုင်းကြောင့် လူ ၃၀ ထက်မနည်းသေဆုံးပြီး နိုင်ငံနှင့်အဝှမ်းတွင် စံချိန်တင်အနိမ့်ဆုံးအပူချိန်များနှင့် ရင်ဆိုင်ရနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။ ယင်းမုန်တိုင်းကြောင့် နှင်းထုထပ်စွာကျဆင်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် အလွန်အေးခဲသော ရာသီဥတုများဖြစ်ပေါ်သဖြင့် ပြည်နယ်အများအပြားတွင် နေ့စဉ်လူနေမှုဘဝများအပေါ် ထိခိုက်လျက်ရှိသည်။

ဘတ်ဖလိုမြို့အပါအဝင် နယူးယောက်ပြည်နယ်အနောက်ပိုင်းတွင် မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ခံစားနေရပြီး နှင်းထုအောက်၌ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခြင်းကြောင့် လူထောင်ပေါင်းများစွာမှာ အမှောင်ထုအတွင်းနေထိုင်နေရကြောင်းသိရသည်။

Ref: AGC

## ယူကရိန်းအနေဖြင့် လုံခြုံရေးအာမခံချက်ရရှိရေး ဒွန်းဘတ်မှဆုတ်ခွာရန် အမေရိကန်ဖိအားပေး



ဝါရှင်တန်၊ စစ်ရေး

ယူကရိန်းနိုင်ငံအနေဖြင့် နောင်တွင် လုံခြုံရေးအာမခံချက်များ ရရှိရေးအတွက် လက်ရှိ ရုရှားလက်အောက်ရောက်ရှိနေသော ဒွန်းဘတ်ဒေသမှ အပြီးတိုင်ဆုတ်ခွာပေးရန် အမေရိကန်ညှိနှိုင်းရေးမှူးများက ဖိအားပေးနေကြောင်း Financial Times သတင်းဌာနက ဇန်နဝါရီလ ၂၇ ရက်တွင် ဖော်ပြထားသည်။ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့အနေဖြင့် ယူကရိန်းအပေါ်လုံခြုံရေးအာမခံချက်ပေးနိုင်မည့်အခြေအနေသည် ယူကရိန်းနိုင်ငံက ငြိမ်းချမ်းရေးသဘောတူညီချက်ကိုသဘောတူခြင်းရှိ၊ မရှိအပေါ် မူတည်နေသည်ဟုပြောသည်။ ထိုသဘောတူညီချက်တွင် ဒန်းညက်နှင့်လူးဂန့်ဒေသတို့မှယူကရိန်းတပ်များ ဆုတ်ခွာပေးရန် တောင်းဆိုမှုပါဝင်သည်။

ယင်းစည်းကမ်းချက်များကို လက်ခံလျှင် ငြိမ်းချမ်းရေးကာလအတွင်း ယူကရိန်းအား လက်နက်များ ပိုမိုထောက်ပံ့ပေးမည်ဟု အမေရိကန်ဘက်က အရိပ်အယောင်ပြထားသည်။ သို့သော် အိမ်ဖြူတော်မှတာဝန်ရှိသူတစ်ဦးဖြစ်သည့် အန်နာကယ်လီက ထိုသတင်းမှာ မှားယွင်းကြောင်း ငြင်းထားပြီး အမေရိကန်၏အခန်းကဏ္ဍမှာ နှစ်ဖက်စလုံး သဘောတူညီမှုရရှိရေး စေ့စပ်ပေးရန်သာဖြစ်သည်ဟု ဆိုသည်။

လုံခြုံရေးအာမခံချက်ဆိုင်ရာ မူဘောင်မှာ ရာနှုန်းပြည့်အဆင်သင့်ဖြစ်နေပြီဟု ယူကရိန်းသမ္မတ ဇီလန်စကီကပြောသော်လည်း ထရမ့်နှင့်သဘောတူညီချက်ရထားခြင်းမရှိကြောင်းသိရသည်။

Ref: RT

## ကျူးဘားနိုင်ငံအား ကူညီပံ့ပိုးပေးမည်ဟု တရုတ်နိုင်ငံ ကတိပြု

ပေကျင်း၊ နိုင်ငံရေး

အမေရိကန်နိုင်ငံ၏ ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရသော ကျူးဘားနိုင်ငံအား လိုအပ်သည့် ကူညီပံ့ပိုးမှုနှင့် အကူအညီများ ပေးအပ်သွားမည်ဟု တရုတ်နိုင်ငံက ဇန်နဝါရီလ ၂၇ ရက်တွင် ကတိပြုလိုက်သည်။

ထို့ပြင် ကျူးဘားအပေါ် အမေရိကန်၏ လုပ်ဆောင်ချက်များကို တရုတ်နိုင်ငံက အလွန်အမင်း စိုးရိမ်ကြောင်းနှင့် ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂိုကျာကွန်းက ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကျူးဘားနိုင်ငံသည် ပြိုလဲရန်အသင့်ဖြစ်နေပြီဟု သတိပေးခဲ့ပြီးနောက် ယခုကဲ့သို့ တရုတ်၏တုံ့ပြန်မှုထွက်ပေါ်လာခြင်းဖြစ်သည်။ ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးပြီးနောက် ကျူးဘားအနေဖြင့် ဗင်နီဇွဲလားနိုင်ငံမှရရှိနေသည့် လောင်စာဆီနှင့် ငွေကြေးထောက်ပံ့မှုများ ပြတ်တောက်သွားမည်ဟု ထရမ့်ကပြောထားသည်။

ထို့နောက် အမေရိကန်နိုင်ငံအနေဖြင့် ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ချက်ချင်းရုပ်သိမ်းပေးရန်နှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို မဖျက်ဆီးရန် တရုတ်နိုင်ငံကသတိပေးထားပြီး ကျူးဘားအားအမေရိကန်ဒေါ်လာသန်း ၈၀ ထောက်ပံ့ပေးမည်ဟု ပြောထားကြောင်းသိရသည်။

Ref: ST



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ–ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသားခြောက်ဦး၊ တောင်အာဖရိကနိုင်ငံသားလေးဦး၊ နီပေါနိုင်ငံသားလေးဦး၊ ဘူရွန်ဒီနိုင်ငံသားနှစ်ဦး၊ ဆီလီရာလီယွန်နိုင်ငံသားတစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ တန်ဇန်းနီးယားနိုင်ငံသားတစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသားတစ်ဦးနှင့် တိုဂိုနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦးတို့အား မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Staff of Embassy Mr. Sajal Shakya နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ဆီလီရာလီယွန်နိုင်ငံ၊ မာလဝီနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ဇင်ဘာဘွေနိုင်ငံနှင့်တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၇၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအသင်းမှ အားကစားသမားများကို ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများအား ဒွန်မောင်းလေဆိပ်၌ချီးမြှင့်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအသင်းမှအားကစားသမားများကို ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုများက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများအား ဒွန်မောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမားမြို့တို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု ၂၀ ခု၊ ငွေ




တံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ ခု စုစုပေါင်းဆုတံဆိပ် ၅၉ ခုတို့ကို ဆွတ်ခူးရယူပေးခဲ့သည့်နိုင်ငံကိုယ်စားပြုအားကစားသမားများအတွက်ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့်ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများက လှိုက်လှဲဂုဏ်ယူစွာချီးမြှင့်သည့်အနေဖြင့် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုတစ်ခုစီအတွက် ( တစ်ဦးချင်း/ အသင်းလိုက်) ထိုင်းဘတ် ၁ သိန်းစီကို သံအမတ်ကြီး ဦးဇော်ဇော်စိုးကလည်းကောင်း၊ ငွေတံဆိပ်ဆုတစ်ခုစီအတွက် ( တစ်ဦးချင်း/ အသင်းလိုက်)ထိုင်းဘတ် ၅ သောင်းစီကို စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဝင်းသူလင်းကလည်းကောင်း၊ ကြေးတံဆိပ်ဆု တစ်ခုစီအတွက် ( တစ်ဦးချင်း/ အသင်းလိုက်) ထိုင်းဘတ် ၃ သောင်းစီကို သံမှူးကြီး ဦးစိုးသူဟိန်းကလည်းကောင်း၊ စုစုပေါင်း ရွှေ ၂၀ ဆု၊ ငွေ ၁၉ ဆုနှင့် ကြေး ၂၀ ဆုတို့အတွက် ထိုင်းဘတ် ၃၅ သိန်း ၅ သောင်းကို ဘန်ကောက်မြို့ ဒွန်မောင်းလေဆိပ်တွင် ချီးမြှင့်ပေးအပ်သည်။

ထို့အတူ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရိုးရာခြင်းလုံးနှင့် ဘိလိယက်ပြိုင်ပွဲများ၌ရရှိသည့် ရွှေတံဆိပ်ဆုတစ်ခုစီအတွက် ထိုင်းဘတ် ၃ သိန်းစီဖြင့် ထိုင်းဘတ် ၉ သိန်းဆုချီးမြှင့်ခဲ့သဖြင့် ကမ္ဘောဇဘဏ်နာယကနှင့်ဝန်ထမ်းမိသားစုများ၏ ချီးမြှင့်ငွေစုစုပေါင်း ထိုင်းဘတ် ၄၄ ဒသမ ၅ သိန်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် (၂၂) ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ၁၄ ရက်အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့်အတူ မြမာလာဥယျာဉ်အတွင်း၌ မြို့တော်သူမြို့တော်သားများ လာရောက်အပန်းဖြေနိုင်ရန် သစ်သီး၊ ဝလံ၊ ပန်းမန် ကိုယ်စားပြုပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီးသုံးခုပြုလုပ်ထားမည်ဖြစ်ပြီး အလှဓာတ်ပုံရိုက်ရန်နေရာများလည်း ပြင်ဆင်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဌာနဆိုင်ရာ ပြခန်း ၁၆ ခန်း၊ အရောင်းပြခန်းခုနစ်ခန်း၊ ပျိုးပင်အရောင်းဆိုင် ၁၈ ဆိုင်ပါဝင်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်သည့် ပြည်သူများကို ပျိုးပင်များ လက်ဆောင်ပေးမည့်အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ရည်ရွယ်ချက်ငါးရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် လုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို အမျိုးအစားအလိုက်ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်များအနေဖြင့် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲဝင်ပစ္စည်းများကို မြမာလာဥယျာဉ်အတွင်းရှိ ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်သည်။ ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ပြီး ဆုအများဆုံးရရှိသည့်ပြိုင်ပွဲဝင်ကို တံခွန်စိုက်ဆုချီးမြှင့်သွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဖုန်း ၀၉-၂၀၁၉၃၉၅ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၇

ဘေးအန္တရာယ် ဆိုင် ရာစီမံခန့် ခွဲ မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပြည်ထောင်စုအဆင့်အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်ရရှိရေးထောက်ခံထားသော ပြည်တွင်းအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်သူများအကြား သဘာဝဘေးအန္တရာယ်များကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ စနစ်တကျတုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးတွင် ဝန်ကြီးဌာနနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း။

ဒေသတွင်းအဆင့်တွင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) ၏ ပင်မလုပ်ငန်းတွင် ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများ၌ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများပါဝင်နိုင်သည့် လုပ်ငန်းအစီအစဉ်ကို ထည့်သွင်းရေးဆွဲထားကြောင်း၊ နိုင်ငံအဆင့်၌ဝန်ကြီးဌာန၏ မူဝါဒတွင် ပြည်သူလူထု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်ပွင့်လင်းမြင်သာထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရန်ဟု ထည့်သွင်းပြီး အဖွဲ့အစည်းများနှင့်ပူးပေါင်းမှုကို အလေးထားတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် ပူးပေါင်းကျင်းပသော မြန်မာသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ (Myanmar Disaster Response Team-MDRT) သင်တန်းများ၊ One ASEAN One Response (OAOR) Road Show တို့၌ ပြည်တွင်း အသင်းအဖွဲ့မှ ကိုယ်စားလှယ်များကို ဖိတ်ကြားပါဝင်စေသကဲ့သို့ အာဆီယံကကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်နိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တည်ဆဲလုပ်ထုံးလုပ်နည်းများ၊ ဦးစီးဌာနမှဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များက အဖွဲ့လိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဦးစီးဌာနနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို အပြန်အလှန်ဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဘာသာရပ်ဆိုင်ရာအရာထမ်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြောင်းသိရသည်။

မြဝတီ

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုအတွက်
လက်ချင်းဆက်

စည်းလုံးချစ်ကြည်
မြဲခိုင်ကျည်
ပေါင်းစုညီညာ ပြည်သာယာ

# မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးဟောပြော


လားရှိုး ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ဇန်နဝါရီလ ၂၆ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တို့ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အများပြည်သူအသိပညာပေး ဟောပြောသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အများပြည်သူအသိပညာပေးကျင်းပရသည့် ရည်ရွယ်ချက်အားရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပွင့်ဖြူစင်မြင့်က မီးခိုးမြူငွေ့ဆိုသည့်အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များနှင့်မီးခိုးမြူငွေ့အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်နည်းလမ်းများ စသည့်အကြောင်းအရာများအား အများပြည်သူသိရှိစေရေး အသိပညာပေးဆွေးနွေးပြောကြားသည်။

အဆိုပါ Online စနစ်ဖြင့် အများပြည်သူအသိပညာပေးအစီအစဉ်များကို လစဉ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ နေ့ထူးနေ့မြတ်များ၊ အများပြည်သူတို့ သိသင့်သိထိုက်သည့် အကြောင်းအရာများအား ဟောပြောပေးလျက်ရှိကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှသတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။


(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။


( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တရားမဝင်သစ်မျိုးစုံ၊ ဘိလပ်မြေများ၊ ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ



တရားမဝင် တင်သွင်းသည့် တရုတ်နိုင်ငံထုတ် ဘိလပ်မြေအိတ်များ

ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ


တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Caldina 1996 Model)


လိုင်စင်မဲ့မော်တော်ဆိုင်ကယ်


တရားမဝင် သစ်များ


တရားမဝင် သစ်များ

ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့မော်တော်ယာဉ် (Honda Insight 2008 Model)

မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Crown 2002 Model)

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၉ ရက်**တွင် မြစ်ကြီးနားမြို့နယ်၊ စီတာပူရပ်ကွက်၊ ဗလမင်းထင်တံတားအနီး၌ မော်တော်ယာဉ် (၁၀) စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘိလပ်မြေ အိတ် (၁၂၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၃ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် ၁၄ လက်မ မုံအိုး (၁၅)လုံးအပါအဝင် ဆက်စပ်ပစ္စည်း (၁၀) မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ ဥသျှစ်ပင်မြို့နယ်နှင့် ဘုရားကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁) စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ညောင်လေးပင်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၁၉၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၈၅၆)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၇၈၅၆)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၂ ရက်**တွင် တောင်တွင်းကြီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁) စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၀ ရက်**တွင် ပလိပ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁) စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၅၇၈၅၆)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၈။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၇:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း အနှစ်စံစစ်မှန်သောအဖြေ သရုပ်ဆောင် ဖြိုးမွန်ကျော်၊ သဥ္ဇာမြင့်မိုရ် ဒါရိုက်တာ-ဟန်စိုး(မြစ်ကျိုး)**
၁၃။ **ည ၈ နာရီ သတင်း** နိုင်ငံတကာသတင်း
၁၄။ **အပြီး** မိုးလေဝသသတင်း

## MWD Variety Channel

၂၈-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၆:၃၀ သိလိုသမျှ ကျန်းမာရေးကဏ္ဍ

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၈-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# တိုက်စစ်ကစားသမားဗင်နီစီးယက်အားခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် ပီအက်စ်ဂျီအသင်းလည်းပါဝင်လာ



မက်ဒရစ် ဇန်နဝါရီ ၂၇

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ဗင်နီစီးယက်အား ခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် ပြင်သစ်ထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းလည်း ပါဝင်လာကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဗင်နီစီးယက်သည် ၂၀၁၈ ခုနှစ်က ဖလာမင်ဂိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက ပွဲကစားခွင့်နည်းပါးခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် အသင်း၏ အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

ဗင်နီစီးယက်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအစပိုင်းကတည်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုများလုပ်ဆောင်နေသော်လည်း လက်ရှိအချိန်ထိ သဘောတူညီမှုမရရှိသေးဘဲ ကြန့်ကြာနေခြင်းဖြစ်သည်။

ဗင်နီစီးယက်က သက်တမ်းတိုးစာချုပ်အတွက် အသင်းမှလုပ်ခလစာအများဆုံးရရှိသည့် ကစားသမားအဖြစ်ရပ်တည်နေသည့် အမ်ဘတ်ပီနည်းတူအလိုရှိနေသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းဘက်မှ ပေးချေလိုခြင်းမရှိသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကြန့်ကြာနေပြီး အနာဂတ်မရေမရာဖြစ်နေသည့် ဗင်နီစီးယက်ကို အစောပိုင်းကတည်းက ဆော်ဒီထိပ်တန်းကလပ်အသင်းများက မြင့်မားသည့် လုပ်ခလစာများဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ကစားသမားကိုယ်တိုင်က ဥရောပတွင်သာ ဆက်လက်ကစားလိုနေသည့်အတွက် ခေါ်ယူရန်ခက်ခဲနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း အသင်းတိုက်စစ်ပိုင်းတွင် ဒမ်ဘီလီအနေဖြင့် အနာဂတ်မရေမရာဖြစ်နေသည့်အတွက် ထိပ်တန်းကစားသမားတစ်ဦးနှင့် အစားထိုးလိုသောကြောင့် ဗင်နီစီးယက်အား တစ်နှစ်လုပ်ခလစာ ယူရို သန်း ၃၀ပေးချေပြီး ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများကလည်း ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Topskill Sports uk*

# နော်တင်ဟမ်အသင်းက မာတီတာအား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထား

လန်ဒန် ဇန်နဝါရီ ၂၇

နော်တင်ဟမ်အသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသည့်တိုက်စစ်ကစားသမား မာတီတာအားခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားကြောင်း သိရသည်။

မာတီတာနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး မာတီတာကိုယ်တိုင်က လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာခွင့်တောင်းဆိုထားပြီး နော်တင်ဟမ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာမှ ကစားသမားဖြစ်သူနှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းက မာတီတာအား အပြီးသတ်ခေါ်ယူရန်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်ဆက်လက်ဆွေးနွေးမှုများပြုလုပ်နေပြီး ပြောင်းရွှေ့ကြေးအဖြစ် ယူရို ၃၅ သန်းအပြင် အပိုဆုကြေး ယူရို ငါးသန်း စုစုပေါင်း ယူရို သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်လျက်ရှိသည်။

နော်တင်ဟမ်အသင်းက တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့်အတွက် မာတီတာအား ခေါ်ယူပြီး အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပြင်သစ်လီဂူးပြိုင်ပွဲသမိုင်းတစ်လျှောက် စတုတ္ထမြောက်အသက်အငယ်ဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် အန်းဒရစ်မှတ်တမ်းဝင်



ပဲရစ် ဇန်နဝါရီ ၂၇

လိုင်ယွန်အသင်း လူငယ်တိုက်စစ်ကစားသမားအန်းဒရစ်သည် လိုင်ယွန်အသင်းနှင့် မက်အသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ပြီးနောက် ပြင်သစ်လီဂူးပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် စတုတ္ထမြောက်အသက်အငယ်ဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အန်းဒရစ်သည် လိုင်ယွန်အသင်းက မက်အသင်းကို ၅ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပွဲချိန် ၁၁ မိနစ်၊ ၄၅ မိနစ်နှင့် ၈၇ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အန်းဒရစ်သည် လိုင်ယွန်အသင်းနှင့် မက်အသင်းတို့ကစားသည့်ပွဲစဉ်၌ ပါဝင်ကစားချိန်တွင် ၎င်း၏ အသက်မှာ ၁၉ နှစ်နှင့် ၁၈၈ ရက်သာရှိသေးသည့်အတွက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက် ၁၇ နှစ်နှင့် ရက် ၂၆၀ ဖြင့် ဂျိရီမီမီနက်၊ အသက် ၁၈ နှစ်နှင့် ၅၃ ရက်ဖြင့် အမ်ဘတ်ပီ၊ အသက် ၁၈ နှစ်နှင့် ၂၉၆ ရက်ဖြင့် ဒမ်ဘီလီတို့ပြီးလျှင် စတုတ္ထမြောက်အသက်အငယ်ဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အန်းဒရစ်သည် လိုင်ယွန်အသင်းသမိုင်းတစ်လျှောက်တွင်လည်း ၁၉ နှစ်နှင့် ၁၉၆ ရက်ဖြင့် အသက်အငယ်ဆုံးဟက်ထရစ်ဂိုးသွင်းသူအဖြစ် ရပ်တည်နေသည့် ကွမ်ဘီအားကျော်ဖြတ်ပြီး အသက်အငယ်ဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ်ပါ ရပ်တည်နိုင်ခဲ့သည်။

အန်းဒရစ်သည် လိုင်ယွန်အသင်းနှင့် သုံးပွဲကစားရာတွင် လေးဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Fotmob*

# အာဆင်နယ်အသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အက်သလက်တီကိုအသင်းမှ အယ်ဗာရက်အား ယူရို သန်း ၈၀ ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိ

လန်ဒန် ဇန်နဝါရီ ၂၇

အာဆင်နယ်အသင်းက အသင်းတိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အက်သလက်တီကိုအသင်းမှ တိုက်စစ်ကစားသမား အယ်ဗာရက်အား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၈၀ ဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အသင်းတိုက်စစ်ပိုင်းအတွက် ဂျိုကီယက်အားခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် အယ်ဗာရက်အားခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အယ်ဗာရက်သည်လည်း အက်သလက်တီကိုအသင်းတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိသော်လည်း နည်းပြ ဆီမွန်နီနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ပြင်ဆင်နေပြီး ၎င်းကို အာဆင်နယ်အသင်းအပြင် ဘာစီလိုနာအသင်းကလည်း ခေါ်ယူလိုနေသည့်အတွက် အာဆင်နယ်အသင်းက လက်ဦးမှုရယူနိုင်ရန် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေခြင်းဖြစ်သည်။

အယ်ဗာရက်အား အာဆင်နယ်အသင်းအပြင် အစောပိုင်းကတည်းက ဘာစီလိုနာအသင်းက ခေါ်ယူရန် ကြိုးပမ်းနေပြီး ဘာစီလိုနာအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးအနေဖြင့် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့်အခြေအနေများကြောင့် အယ်ဗာရက်အား ခေါ်ယူလိုနေပြီး အယ်ဗာရက်ကိုယ်တိုင်ကလည်း တခြားအသင်းများထက် ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့ကစားလိုနေသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ၎င်းကို ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ရွှေတိဂုံစေတီတော်သို့ ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်းပြည်ပဘုရားဖူးညော့်သည် ၆ ဒသမ ၉ သန်းကျော် လာရောက်ဖူးမြော်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးညော့်သည် ၆ ဒသမ ၉ သန်းကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၁၃၀၉၈၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၆၆၇၄၉ ပါး၊ အမျိုးသား ၃၀၃၃၉၃၃ ဦး၊ အမျိုးသမီး ၃၆၄၉၄၂၃ ဦး၊ နိုင်ငံခြားသား ၃၆၇၃၆ ဦး၊ နိုင်ငံခြားသူ ၃၉၈၆၉ ဦး စုစုပေါင်း ၆၉၅၇၆၉၇ ဦး ဝင်ရောက်ခဲ့သည်။

အဆိုပါ ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် အနည်းဆုံးတစ်သောင်းဝန်းကျင်ရှိပြီး အစိုးရရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် ပို၍များကာ လအလိုက်ဘုရားဖူးဝင်ရောက်မှုအများဆုံးရက်များမှာ ဇန်နဝါရီလ ၁ ရက်တွင် ၄၂၆၁၄ ဦး၊ ဖေဖော်ဝါရီလ ၉ ရက် (တနင်္ဂနွေနေ့)တွင် ၄၄၅၉၀ ဦး၊ မတ်လ ၁၃ ရက် (တပေါင်းလပြည့်နေ့)တွင် ၁၀၆၉၄၉ ဦး၊ ဧပြီလ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် ၁၀၃၀၉၆ ဦး၊ မေလ ၁၁ ရက် (ကဆုန်လပြည့်နေ့)တွင် ၁၆၆၃၅၀ ဦး၊ ဇွန်လ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် ၄၅၉၁၅ ဦး ဖူးမြော်ခဲ့ကြသည်။

ထို့အတူ ဇူလိုင်လ ၉ ရက်(ဝါဆိုလပြည့်နေ့) တွင် ၁၂၈၁၆၂ ဦး၊ ဩဂုတ်လ ၈ ရက် (ဝါခေါင်လပြည့်နေ့)တွင် ၆၃၉၃၄ ဦး၊ စက်တင်ဘာလ ၇ ရက်(တနင်္ဂနွေနေ့)တွင် ၅၅၈၀၈ ဦး၊ အောက်တိုဘာလ ၆ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ၁၉၀၀၆၃ ဦး၊ နိုဝင်ဘာလ ၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ၄၁၇၂၅ ဦး၊ ဒီဇင်ဘာလ၂၁ ရက်(တနင်္ဂနွေနေ့)တွင် ၃၂၈၇၉ ဦးဖြင့် လအလိုက်အများဆုံးဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန် ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစကာ ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။



**ဝန်းရံခ**

# ပူတာအိုမြို့ မူလာရှီးဒီရပ်ကွက်၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

**ပူတာအို ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်က ပူတာအိုမြို့ မူလာရှီးဒီရပ်ကွက် လူထုအခြေပြု လေ့လာသင်ယူရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေညွှန့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးခေါ်ဒုဒီးဆားရ်က သင်တန်းတွင်အသုံးပြုမည့် သင်တန်းသုံးလုပ်ငန်းပစ္စည်းများကို သင်တန်းသားတစ်ဦးထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပေးသောနည်းပညာများကို ကြိုးစားသင်ယူလေ့လာကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့ မူလာရှီးဒီရပ်ကွက်မှ သင်တန်းသား ၂၀ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများနှင့် အလုပ်လုပ်ပုံ၊ ကာဗျူရေတာဖြုတ်/တပ်စစ်ဆေးခြင်း၊ မော်တော်ဆိုင်ကယ်မီးပေးစနစ်များ အလုပ်လုပ်ပုံနှင့် သွယ်တန်းခြင်းများကို သင်တန်းနည်းပြများက ဇန်နဝါရီလ ၂၆ ရက်မှစ၍ တစ်လကြာ စာတွေ့၊လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# ပခုက္ကူတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ(အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ



**ပခုက္ကူ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပခုက္ကူတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ(အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီလ ၂၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ်မှ ကျောင်းသူများက မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပိုက်ကျော်ခြင်းပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးရပ်ရွတ်ဆိုကြပြီး ပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဘူမိဗေဒဌာနအသင်းနှင့် သင်္ချာဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သင်္ချာဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဓာတုဗေဒဌာနအသင်းနှင့် ရူပဗေဒဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

အဆိုပါပြိုင်ပွဲတွင် ပခုက္ကူတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းအသင်းခုနစ်သင်းဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# မြိတ်မြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**မြိတ် ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းဖြစ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် (၆/၂၀၂၅-၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်က မြိတ်မြို့ ကန်ကြီးရပ်ကွက် ကွက်သစ် (D) လမ်းရှိ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူတစ်ဦးက သင်တန်းသား၊ သင်တန်းသူများကိုယ်စားလက်ခံရယူသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးသူက သင်တန်းထုတ်ကုန်များကိုပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူပြီးနောက် အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး ဇန်နဝါရီလ ၂၁ ရက်မှ ၂၆ ရက်အထိ လူသုံးကုန်လုပ်ငန်းသုံးဓာတုပစ္စည်းများအကြောင်း၊ ရေချိုးဆပ်ပြာဆီပြုလုပ်နည်း၊ အဝတ်လျှော်ဆပ်ပြာဆီပြုလုပ်နည်းတို့ အပါအဝင် ဘာသာရပ် ၁၅ မျိုးကို သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံနှင့် သင်တန်းနည်းပြများက စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း၊ ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနမှလည်း ဌာန၏ လုပ်ငန်းဆောင်တာများ၊ တာဝန်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(၄၁၂)**

# တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် အသိပညာပေး ဟောပြော

**တောင်တွင်းကြီး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ပျဉ်းမ)၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာအုပ်စာပေနှင့် ရင်းနှီးစေရန်၊ စာပေလေ့လာဖတ်ရှုမှတ်သားသည့် အလေ့အကျင့်များဖြစ်ပေါ်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ ရည်မှန်းချက်ထားကြိုးစားရန်နှင့် ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့်စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ၊ စာရေးဆရာကြီးများ၏ စာပေအဆိုအမိန့်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးကြီး(ငြိမ်း)ဦးဝင်းနိုင်**

**DSA(19)**

**အသက်(၇၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ဗိုလ်ချုပ်လမ်း၊ (APRIL MART)နေ ဒေါ်မွေးမွေးငယ်၏ခင်ပွန်း၊ ဒေါ်သဉ္ဇာဝင်းနိုင်၊ ဦးကျော်သူဝင်းနိုင်၊ ဒေါ်ကလျာဝင်းနိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းနိုင်သည် ၂၂-၁-၂၀၂၆ ရက် (ကြာသပတေးနေ့)ဒေသစံတော်ချိန် မွန်းလွဲ ၂:၁၆ နာရီတွင် ထိုင်းနိုင်ငံ Bangkok Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ**

**သူငယ်ချင်းများနှင့်မိသားစုများ**

## မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ

## "ACOUSTIC ARCHITECTURE COMPANY LIMITED"

## ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "ACOUSTIC ARCHITECTURE COMPANY LIMITED"အား (၂၇-၁-၂၀၂၆)ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် (B.Com(Q) C.P.A, ASEAN CPA, Member of MAIP)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| DAW EI MYAT MON | ဒေါ်စန်းကြည် |
| Managing Director | (B.Com(Q) C.P.A) |
| "ACOUSTIC ARCHITECTURE COMPANY LIMITED" | (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) |

### အစုရှယ်ယာလျှော့ချခြင်း

"MYANMAR SOCIAL FINANCE CO.,LTD." ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတွင်ထည့်ဝင်ထားသော ကျပ်တစ်သောင်းတန် အစုရှယ်ယာပေါင်း(၁၀၀၀၀၀)စုမှ အစုရှယ်ယာ(၁၅၀၀၀)စုသို့ လျှော့ချကြောင်း ကြော်ငြာအပ်ပါသည်။

**MYANMAR SOCIAL FINANCE CO.,LTD.**

ဖုန်း-၀၉-၄၅၇၇၄၁၃၈၄

### မတည်ရင်းနှီးငွေလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်တို့၏ EVER PLUS INTERNATIONAL CO.LTD. ၏ အစုရှယ်ယာ တန်ဖိုးအား ကျပ်(၂,၆၀၀,၀၀၀,၀၀၀)မှ ကျပ်(၅,၀၀၀,၀၀၀)သို့ ပြင်ဆင်လျှော့ချမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**EVER PLUS INTERNATIONAL CO.,LTD.**

### ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့၊ မင်္ဂလွန်ရွာနေ သူရစိုး(ဘ) ဦးဝင်းစိုး ၇/ဒဥန(နိုင်)၁၈၆၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၀၉၅၉၇၄

### ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၁)၊ Grade-11(A)အခန်းတွင် ပညာသင်ကြားနေသော မောင်ဝေယံထက်လွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထက် ၁၃/မဖန(နိုင်)၀၃၂၉၄၁ ဖြစ်ပါကြောင်း။

**ဦးအောင်ထက်**




### ပျောက်ဆုံးကြောင်း

ဝေလင်းထွဋ်(ဘ)ဦးမြင့်နိုင် ၁၂/ကတန(နိုင်)၁၁၇၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၉၃၃၈၄၂

### ပျောက်ဆုံးကြောင်း

မောင်ဖြူ(ဘ)ဦးထူးမောင် ၉/ပဘန(နိုင်)၀၇၅၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၆၆၆၂၂၈၈

### ပျောက်ဆုံးကြောင်း

ဇေယျာမင်း(ဘ)မာလစ်(ခ)ဦးကျော်မင်း ၁/ဗမန(နိုင်)၀၅၃၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၀၂၇၃၉၇

### ပျောက်ဆုံးကြောင်း

ကြယ်စင်ကိုကို(ဘ)ဦးဝင်းကိုကို ၁၄/ဟသတ(နိုင်)၄၁၁၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 324790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(ခွဲ)(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးသန္တာဝင်း၏ဖခင်အမည်မှန်မှာ ဦးညို ၇/ပခန(နိုင်)၁၈၄၄၉၃ ဖြစ်ပါကြောင်း။

**ဦးညို**

### ပျောက်ဆုံးကြောင်း

မဘူနူး(ခ)သူဇာဝင်း(ဘ)ဦးဒေဗီပရာဆပ် ၉/မကန(နိုင်)၁၀၅၃၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဝင်းအိလှိုင်(ဘ)ဦးဆန်းညွန့်အေး ၇/ရကန(နိုင်)၀၈၂၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 653273)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၄၅၉၉၄၅

### ပျောက်ဆုံးကြောင်း

မင်းနိုင်စိုး(ဘ)ဦးကျော်စိုး ၁၄/ဒဒရ(နိုင်)၁၃၅၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၁၂၈၃၄၃

### ပျောက်ဆုံးကြောင်း

ငယ်ငယ်ထွေး(ဘ)ဦးမြဝင်း ၁၂/ဒဂမ(နိုင်)၀၃၃၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၅၀၂၈၇၉၁

### ပျောက်ဆုံးကြောင်း

ကေတုမတီမြို့သစ်၊ နတ်သျှင်နောင်ရပ်ကွက်(၈)လမ်းနေ မသီတာမွန်(ဘ) ဦးတင်အေး ၇/တငန(နိုင်)၁၄၂၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 970520)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၈၅၇၄၁၃

### ပျောက်ဆုံးကြောင်း

မထွန်းထွန်းဝေ(ဘ)ဦးအေးလွင် ၈/စလန(နိုင်)၁၉၀၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 691313)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဆုစန္ဒီထက်(ဘ)ဦးသန်းစိန် ၆/ပလန(နိုင်)၁၂၇၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မာမာစိန်(ဘ)ဦးခင်အောင် ၁/မညန(နိုင်)၀၂၀၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၅၀၈၈၆၆

### ပျောက်ဆုံးကြောင်း

ဝင်းဝင်းတင့်(ဘ)ဦးဘိုဝင်း ၁၃/ဟပန(နိုင်)၀၉၂၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 580823)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

နွယ်နီဌေး(ဘ)ဦးမြင့်နိုင် ၁၄/လပတ(နိုင်)၂၄၆၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ကျန်ဒရာဂျစ်(ဘ)ဦးဆကာလ်ဒေအိုပရာဆပ် ၇/ဖမန(နိုင်)၀၉၃၁၅၀ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၃၂၃၆၁

### ပျောက်ဆုံးကြောင်း

ကောင်းပြည့်စုံ(ဘ)ဦးနိုင်နိုင် ၁၄/ဟသတ(နိုင်)၃၇၆၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ဦးနေအောင်(ဘ)ဦးအောင်ဆင့် ၈/တတက(နိုင်)၁၄၄၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၆၂၅၄၂၃၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိ မြို့နယ်များတွင် ကန်ထရိုက်လုပ်ငန်းအပ်နှံငွေများဖြင့်ဆောင်ရွက်မည့် ထရန်စဖော်မာများ၊ ထရန်စဖော်မာဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၈-၁-၂၀၂၆) နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၁-၂-၂၀၂၆)နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း

လီးကြည်(ဘ)ဦးဖူလောင်ချင် ၁၃/တခန(နိုင်)၂၂၈၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

တိန်းမျှော်(ဘ)ဦးစောတိန် ၁၃/လရန(နိုင်)၀၃၄၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၃၈၈၆၅၉

### ပျောက်ဆုံးကြောင်း

အောင်ပြည့်ဖြိုး(ဘ)ဦးအေးကြိုင် ၁၂/လသယ(နိုင်)၀၉၅၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 182095)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၁၁၁၆၀၁၈

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.ကဥက္ကံကျောင်းမှ ဒုလယ်ပြဆရာမ ဒေါ်ဇာဇာစိုး၏ဖခင် အမည်မှန်မှာ ဦးစန်းသစ် ၇/ပခန(နိုင်)၁၁၆၇၈၀ ဖြစ်ပါကြောင်း။

**ဦးစန်းသစ်**

### ပျောက်ဆုံးကြောင်း

ဖြူဖြူဆွေ(ဘ)ဦးရဲတင့် ၇/ပခန(နိုင်)၂၆၆၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

### ပျောက်ဆုံးကြောင်း

အေးအေးသိန်း(ဘ)ဦးပု ၁၂/လမတ(နိုင်)၀၀၆၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၃၂၆၉၄

## မတည်ငွေရင်းလျှော့ချပြီးကြောင်းကြေညာခြင်း

## (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(ဈ)အရ)

EASTERN PROPERTY INTERNATIONAL COMPANY LIMITED. ၏ (၂၆-၁-၂၀၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေရင်းအား မူလကျပ် ၁၀၀,၀၀၀/-တန်၊ အစုရှယ်ယာ (၁၃၄,၆၂၀)စု ကျပ်သိန်း (၁၃,၄၆၂,၀၀၀,၀၀၀)မှ ယခုကျပ် ၁၀၀,၀၀၀/-တန် အစုရှယ်ယာ(၅၁,၀၀၀)စုဖြင့် ကျပ်သိန်း (၅,၁၀၀,၀၀၀,၀၀၀)သို့ လျှော့ချပြီးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**EASTERN PROPERTY INTERNATIONAL COMPANY LIMITED.**

ဖုန်း-၀၉-၇၉၉၉၉၄၆၆၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၇၇)၊ အကွက်အမှတ်(၁၀)၊ သရက်တောအလယ်အကွက်၊ ဦးပိုင်အမှတ်(၂၄/၂)ဧရိယာ(၀.၀၂၅)ဧကရှိ ဦးမောင်ညိမ်းအမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ယင်းမြေကွက်အမည်ပေါက်ပိုင်ရှင် ဦးမောင်ညိမ်းမှ လွှဲပြောင်းရောင်းချလိုပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ စာရွက်စာတမ်းအထောက်အထားမူရင်းပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်(၂၈-၁-၂၀၂၆) ရက်မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လပြည့်ဝင်း LL.B(စဉ်-၅၁၈၇၃)**

**အထက်တန်းရှေ့နေ**

**အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၃၈-က)ပြောင်းပြာကျွန်း၊ ဦးပိုင်အမှတ်(၁၀၈)၊ (အလျား ၃၅'-၀"x အနံ ၆၅'-၀")ရှိသော ဦးဌေးလွင်အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးအောင်အောင် (၉/မခန(နိုင်)၁၁၀၈၅၂)ကိုင်ဆောင်သူမှ အရှည်(အလျား ၁၀၀'-၀")အုတ်ဝင်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၈/၀)၊ ဦးပိုင်အမှတ်(၁၂၉/ဃ)၊ (အလျား ၃၀'-၀"x အနံ ၄၀'-၀")ရှိသော ဦးကိုကိုလေးအမည်ပေါက်ဝိုင်းမြေပေါ်တွင် ဒေါ်သက်သက်မွန် (၉/မခန(နိုင်)၀၀၁၀၂၅)ကိုင်ဆောင်သူမှ(အလျား ၂၀'-၀"x အနံ ၂၀'-၀") Iron Frame(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ (ဆ)တန်း၊ မြေကွက်အမှတ်(၇)၊ (အလျား ၃၀'-၀"x အနံ ၃၀'-၀") ရှိသောဝိုင်းမြေပေါ်တွင် ဒေါ်ခင်စောဝင်း(၉/မခန(နိုင်)၀၂၇၇၄၅)ကိုင်ဆောင်သူမှ အရှည် (အလျား ၃၀'-၀")ရှိအုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၃/ဂ)၊ ပြောင်းပြာ၊ ဦးပိုင်အမှတ်(၆၁/ခ)၊ အလျား (အရှေ့ဘက် ၃၂'-၀")(အနောက်ဘက် ၂၃'-၀") x အနံ(တောင်ဘက် ၄၅'-၀")(မြောက်ဘက် ၄၈'-၀")ရှိသော ဒေါ်တင်အေးအမည်ပေါက်ဝိုင်းမြေပေါ်တွင်ဦးတင်အောင်ချို(၉/မခန(နိုင်)၀၂၅၃၆၃) ကိုင်ဆောင်သူမှ (အလျား ၁၈'-၀"x အနံ ၂၄'-၀")ဝါးထရံကာသွပ်မိုး(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**


AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
We Protect The Family
မိသားစုဘဝ လုံခြုံစိတ်ချဖို့ ကျန်းမာရေးအာမခံ ထားကြစို့!
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်းတျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
SINCE 1959
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၉၄၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၄၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၀၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလယ်(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒည်ပန်းအပိုင်းအနီးဝေနေ့သိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၈၊ ၀၆၇ ၃၄၃၅၁၈၂၊ ၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၉၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”**ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်မှုများကွာခြားသွားကြ . . .

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို . . .

❖ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ် . . .

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင်ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၇

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ◆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင်မိန့်ခွန်းပြောကြားစဉ်။

## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

စာ – ၁၄ သို့

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

စာ – ၂၄ သို့

## ကမ္ဘာကြီးက ရာသီဥတုအလွန်ပူပြင်းမှုအတွက် အသင့်မဖြစ်သေးဟု သိပ္ပံပညာရှင်များပြော

နိုင်ငံတကာ စာ – ၂၃ သို့

## (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နခွန်ရစ်ချာဆီးမားမြို့တို့၌ အားကစားနည်း ၁၉ နည်းအား ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်ဆု ၁၁ ခု၊ ငွေတံဆိပ်ဆု ၁၅ ခု၊ ကြေးတံဆိပ်ဆု ၁၁ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ဆုရှစ်ခု၊ ငွေတံဆိပ်ဆု သုံးခု၊

စာမျက်နှာ ၁၆ ကော်လံ ၁ ➲

